ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၄ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ အင်္ဂါနေ့။ Tuesday, 3 January 2023 ၁၀၉၆၉

## ကောင်းမှုကို ပြုလုပ်ဆည်းပူး

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ

## ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား(ဒုတိယနေ့)သို့ တက်ရောက်ချီးမြှင့်



နေပြည်တော် ဇန်နဝါရီ ၂

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနား(ဒုတိယနေ့)ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သဘင်ဆောင်၌ ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတွင် အပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဂုဏ်ထူးဆောင်ဘွဲ့များချီးမြှင့်အပ်နှင်းသည်။

### တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မဟာသရေစည်သူ စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသာဋ္ဌေး ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

## ယနေ့ ဖတ်စရာ

### စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် တစ်ကျပ်သား ရွှေဒင်္ဂါးနှင့် ငါးမူးသား ရွှေဒင်္ဂါးများ အသစ်သွန်းလောင်းထုတ်ဝေမည်




စာမျက်နှာ » ၁၁

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက်ပိုင်းတွင် နေပြည်တော် ဗိုလ်ရှုခံရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား MRTV- HD Channel၊ MRTV-News Channel၊ MRTV Parliament Channel၊ MITV Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Reader's Channel၊ Sky Net Up to Date၊ Sky Net တိုင်းရင်းသား Channel၊ MRTV Website၊ မြန်မာ့အသံရေဒီယို၊ ပတ္တမြား FM၊ ချယ်ရီ FM၊ FM ပုဂံ၊ မန္တလေးFM၊ ပဒ္မဝတီ FM၊ ရွှေ FM နှင့် Star FM တို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ကြေးမုံ

# မင်္ဂလာရှိသောအခါသမယတွင် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ပြုချီးမြှင့်

ထူးခြားလေးနက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ပြုထိုက်သူများအား ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ကျင့်သုံးဆောင်ရွက်ခြင်းဖြစ်သည်။ လွတ်လပ်ရေးနေ့ အခါသမယတွင် နှစ်စဉ်နှစ်တိုင်း ဘွဲ့ထူးဂုဏ်ထူးဆုတံဆိပ်များကို ချီးမြှင့်အပ်နှင်းလျက်ရှိပြီး ယခုနှစ်သည် လွတ်လပ်ရေးရရှိပြီးသည်မှာ (၇၅)နှစ်မြောက် ရောက်ရှိလာပြီဖြစ်၍ ယခင်နှင့်မတူ ထူးထူးကဲကဲ ချီးမြှင့်အပ်နှင်းခဲ့သည်ကိုတွေ့ရသည်။

လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းအားထုတ်ခဲ့ကြသည့် ပုဂ္ဂိုလ်များကိုသာမက နိုင်ငံတော်၏ အရေးအရာကိစ္စများနှင့် နိုင်ငံတော်၏တာဝန်များကို ကြိုးပမ်းထမ်းဆောင်ကြရာတွင် ခေတ်အဆက်ဆက် အမြင်တူခြင်း၊ မတူခြင်း၊ မူဝါဒကွဲပြားခြင်း၊ မကွဲပြားခြင်းတို့ကို အကြောင်းမခံဘဲ နိုင်ငံတော်အတွက်၊ လွတ်လပ်ရေးအတွက်၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့သည့်အတွက် သူမတူအောင် ကြိုးပမ်းထမ်းရွက်ခဲ့ကြသည့် ဘွဲ့ထူးဂုဏ်ထူးနှင့်ထိုက်တန်သူအားလုံးကို ဂုဏ်ပြုခြင်းသည် အလွန်ပင်ကျက်သရေမင်္ဂလာရှိလှပြီး တစ်မူထူးခြားသည့် လေးနက်မှုကိုဆောင်ပေသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခါသမယတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ကြရာ၌ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှ ယနေ့အထိ အသက်ခန္ဓာနှင့် သွေးချွေးများ ပေးဆပ်ပြီး ထူးကဲစွာဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲရေးကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့်စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းပြည်အကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသည့်ပုဂ္ဂိုလ်များအား ဘွဲ့ထူးဂုဏ်ထူးများ ပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့အပြင် နိုင်ငံနှင့် လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့်ပုဂ္ဂိုလ်များအားလုံးကို ယခုကဲ့သို့ မင်္ဂလာရှိပြီး ထူးခြားလေးနက်သည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းခဲ့သည့်အတွက် ဝမ်းမြောက်ပီတိ ဖြစ်ရပါသည်။

ယခုနှစ်တွင် ၂၀၂၂ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်ရရှိခဲ့သူ ၇၄၄ ဦးကို ချီးမြှင့်ပေးအပ်ခဲ့သည်။ ယခုနှစ်တွင် တစ်မူထူးခြားသည့် လေးနက်မှုအဖြစ် နိုင်ငံတော်အတွက် ကြမ်းတမ်းခက်ထန်သောခရီးလမ်းကို အောင်မြင်စွာကျော်လွှားနိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၏ စွမ်းဆောင်မှုများကို နိုင်ငံတော်က သမိုင်းမော်ကွန်းတင် မှတ်ကျောက်တင်ခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခဲ့ကြသည့် ပုဂ္ဂိုလ်ကြီးများသည် ယခုအခါ မကျန်ရှိသလောက်နည်းပါးသွားပြီဖြစ်သည်။ ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားသို့ ကိုယ်တိုင်တက်ရောက်မယူနိုင်တော့သဖြင့် ကျန်ရှိသော သားစဉ်မြေးဆက် ကိုယ်စားဆက်လက်ခံယူခွင့်ရသည်မှာ ဂုဏ်ယူစရာဖြစ်သည်။ မိမိတို့မိဘဘိုးဘွားများ နိုင်ငံတော်အတွက် ဆောင်ရွက်ခဲ့ကြသည့် ကြီးမြတ်သောဂုဏ်ကို ဆက်လက်စောင့်ထိန်းပေးခြင်းလည်း ဖြစ်ပေသည်။

သို့ဖြစ်ရာ ဂုဏ်ပြုချီးမြှင့်ထိုက်သူကို ဂုဏ်ပြုချီးမြှင့်ခြင်းသည် မင်္ဂလာတရားတော်နှင့်အညီ ဆောင်ရွက်ခြင်းဖြစ်သည်။ ဖြတ်သန်းခဲ့သော ဘဝတစ်လျှောက်တွင် တိုင်းပြည်အတွက် သက်စွန့်ကြိုးပမ်း ထမ်းရွက်ခဲ့မှုများကို ပြန်လည်အသိအမှတ်ပြုဂုဏ်ပြုသောအားဖြင့် ထူးကဲသော ဘွဲ့တံဆိပ်များ ချီးမြှင့်ပေးအပ်ခြင်းကို ဂုဏ်ယူဝမ်းမြောက်ကြရမည်ဖြစ်သကဲ့သို့ အနာဂတ်ကာလတွင်လည်း နိုင်ငံတော်ကြီးရေရှည်တည်တံ့ခိုင်မြဲရေး၊ အေးချမ်းသာယာရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် သားစဉ်မြေးဆက် လက်ဆင့်ကမ်းအမွေ ထမ်းဆောင်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်( ၅ )ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန်ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး“ရှေ့သို့ ချီမည်၊ ပန်းတိုင်ဆီ” (Keep Moving Forward to Achieve Our Goal)ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့်လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြုပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ် ဖြစ်ပေါ်လာစေရေး။

# ကျောက်ကြီးမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကျင်းပ

ကျောက်ကြီး ဇန်နဝါရီ ၂

(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် အနော်ရထာလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ် ပဲခူးရပ်ကွက်ရှိ အနော်ရထာလမ်းဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကျောက်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းထွန်းက လမ်းနှင့်ပတ်သက်သောအချက်အလက်များ ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခွန်ဆန်းမင်းထွန်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအား လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံ ပေးအပ်ခဲ့သည်။

ထို့နောက် ကျောက်ကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က အနော်ရထာလမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ပြီး လမ်းသစ်အား ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂ - ၁ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၁၂၁ | ၁,၀၆၄,၃၀၀ |
| MTSH | ၃,၂၅၀ | ၃,၃၀၀ | ၇၁၈ | ၂,၃၃၇,၂၀၀ |
| MCB | ၇,၇၀၀ | ၇,၇၀၀ | ၂ | ၁၅,၄၀၀ |
| FPB | ၁၉,၀၀၀ | ၁၉,၀၀၀ | ၁၅၆ | ၂,၉၆၄,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၀ | ၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၁၂၂ | ၃၂၉,၄၀၀ |
| AMATA | ၅,၀၀၀ | ၅,၀၀၀ | ၂၃၂ | ၁,၁၆၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇန်နဝါရီ ၂

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၂၄၃.၀ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၃၀၄.၄၁ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၀.၇၆၄ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၆.၇၃ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၃၇၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၂၆.၇ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၆၅.၁ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၆၀၃.၈ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၅.၂၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်းအခမ်းအနား(ဒုတိယနေ့)တွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ
ဇနီးများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသည့် လူပုဂ္ဂိုလ်များ၊ ဆရာတော်၊ သံဃာတော်များနှင့် ဘာသာရေးခေါင်းဆောင်များ၊ မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားကို အပိုင်း နှစ်ပိုင်းခွဲ၍ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်သည် နံနက်ပိုင်းတွင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံ့ချီဘွဲ့ရရှိသူ ၁၆၈ ဦးနှင့် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၂၁ ဦးတို့ကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၃၂ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၁၈ ဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ ၅ ဦးတို့ကို လည်းကောင်း ဂုဏ်ထူးဆောင်ဘွဲ့များကို တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းသည်။

## ပေးအပ်ချီးမြှင့်

ထိုသို့ချီးမြှင့်အပ်နှင်းရာတွင် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တည်ဆောက်ရာ၌ လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှ ယနေ့အထိ အသက်ခန္ဓာနှင့် သွေးချွေးများကို ပေးဆပ်ပြီး ထူးကဲစွာ ဆောင်ရွက်ခဲ့ကြသည့်ပုဂ္ဂိုလ်များ၊ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာတွင် သက်စွန့်ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံတော်၏ စီးပွားရေး၊ လူမှုရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး ကဏ္ဍများတွင် ထူးခြားထက်မြက်စွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နယ်ဘက်နှင့် စစ်ဘက်ဆိုင်ရာတို့တွင် တိုင်းကျိုးပြည်ကျိုးကို အများနှင့်မတူအောင် ထူးခြားစွာ စွမ်းဆောင်နိုင်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ နိုင်ငံနှင့်လူမျိုးအတွက် သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသောပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီအောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သည့်ပုဂ္ဂိုလ်များ၊ စာမျက်နှာ ၄ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသည့် ငြိမ်းချမ်းရေး အကျိုးတော်ဆောင် ဦးစခုန်တိန့်ယိန်း ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသည့် မြန်မာမွတ်စလင်အမျိုးသားရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဟာဂျီဦးလှဝင်း ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံ့ချီဘွဲ့ရရှိသည့် Peace Talk Creation Group အဖွဲ့ခေါင်းဆောင် ဦးယွပ်ဇော်ခေါင် ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသည့် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ် ဓမ္မသဟာယကျောင်းတိုက် နာယကဆရာတော် ဦးဝိစိတ္တာဘိဝံသ (ခ) ဦးဝီရသူ ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သီရိပျံချီဘွဲ့ရရှိသည့် ရှမ်းတိုင်းရင်းသားများဒီမိုကရက်တစ်ပါတီဥက္ကဋ္ဌ ဦးစိုင်းအိုက်ပေါင်း ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင် ဦးစောစံလင်း ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် ရှမ်းပြည်နယ်မြောက်ပိုင်း အထူးဒေသ-၇၊ ပလောင်အဖွဲ့ (PSLA) ဦးအိုက်မုန်း ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ ရရှိသည့် KNU ဖဒိုအောင်ဆန်းအဖွဲ့၊ ဖဒိုအောင်ဆန်း(ကိုယ်စား) သားဖြစ်သူ စောဆန်းညွန့်အောင် ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသည့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီ ဗိုလ်ချုပ်ဌေးမောင်(ခ)စောဌေးမောင် (ကိုယ်စား) သမီးဖြစ်သူ ဒေါက်တာနော်ကပေါ်ထူး ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

☆ စာမျက်နှာ ၃ မှ

စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များ၊ နိုင်ငံတော်လုံခြုံရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့တွင် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များကို ပေးအပ်ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ဂုဏ်ထူးဆောင်ဘွဲ့ရရှိကြသူများနှင့် ၎င်းတို့၏ မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက်

စာမျက်နှာ ၅ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသည့် ဇာတ်သဘင်ပညာရှင် ဦးအောင်တင်ဝင်း ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် အလင်္ကာကျော်စွာဘွဲ့ရရှိသည့် စာရေးဆရာ အယ်ဒီတာချုပ် ဦးကျော်ဇင်ညွန့်(တက္ကသိုလ်မြတ်သူ) ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသည့် စာရေးဆရာ ဒေါက်တာမျိုးသန့်တင် ကိုဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ၊ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် သိပ္ပကျော်စွာဘွဲ့ရရှိသည့် ပခုက္ကူ ဦးအုံးဖေ(ကိုယ်စား) အမွေခံဖြစ်သူ ဦးသိန်းခိုင်ဦး ကို ဂုဏ်ထူးဆောင်ဘွဲ့ ချီးမြှင့်အပ်နှင်းစဉ်။

☆ **စာမျက်နှာ ၄ မှ**

စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်းခြင်း အခမ်းအနားတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပြည်ထဲရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တိုင်းရင်းသား လူငယ်မောင်မယ်များ၊ ကျောင်းသား ကျောင်းသူများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အိမ်တော် ဂုဏ်ပြုခန်းမဆောင်အား ပုံစံဒီဇိုင်းရေးဆွဲပေးခဲ့သည့် ဗိသုကာပညာရှင်တို့ကို ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့သည်။

ယနေ့ကျင်းပပြုလုပ်သည့် အခမ်းအနားတွင် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်ဘွဲ့များဖြစ်ကြသည့် သီရိပျံချီဘွဲ့ရရှိသူ ၁၆၈ ဦး၊ ဝဏ္ဏကျော်ထင်ဘွဲ့ရရှိသူ ၁၅၃ ဦး၊ အလင်္ကာကျော်စွာဘွဲ့ရရှိသူ ၁၈ ဦးနှင့် သိပ္ပကျော်စွာဘွဲ့ရရှိသူ ငါးဦးတို့ကို တစ်ဦးချင်း လက်ရောက်ချီးမြှင့်အပ်နှင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**လှိုင်ကော် ဇန်နဝါရီ ၂**

(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ရိုးရာအားကစားပြိုင်ပွဲများကို ယနေ့ နံနက် ၁၀ နာရီက ကယားပြည်နယ် လှိုင်ကော်မြို့ရှိ အခြေခံပညာကျောင်းများ၊ ပြည်နယ် အားကစားကွင်း၊ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း အားကစားရုံများ၌ ပျော်ရွှင်စွာ ကျင်းပသည်။

အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား အမျိုးသမီး ဖူဆယ် ဘောလုံးပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ကြက်တောင်ရိုက်ပြိုင်ပွဲ၊ ရိုးရာခြင်းလုံးပြိုင်ပွဲ၊ ထုပ်ဆီးတိုးပြိုင်ပွဲ၊ စားပွဲတင်တင်းနစ်ပြိုင်ပွဲစသည့် အားကစားနည်းများ ယှဉ်ပြိုင် ကစားလျက်ရှိပြီး ပြေးခုန်ပစ်ပြိုင်ပွဲ၊ လွန်ဆွဲပြိုင်ပွဲ၊ ခေါင်းအုံးရိုက် ပြိုင်ပွဲတို့ကို ဇန်နဝါရီ ၃ ရက်နှင့် ၄ ရက်တို့တွင် ဆက်လက် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။



(၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ယှဉ်ပြိုင်ကစားနေမှုကို ကယားပြည်နယ် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများက လာရောက်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**ကိုဇင်(လှိုင်ကော်)**

## SIM Card များ မှတ်ပုံတင်ခြင်းဆိုင်ရာ အသိပေးကြေညာချက်

ဆင်းကတ်များမှတ်ပုံတင်ရာတွင် ဖြည့်စွက်ရသည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ် စသည့် အချက်အလက်များကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ National Database အချက်အလက်များနှင့် တိုက်ဆိုင်စစ်ဆေး၍ အချက်အလက်မှန်ကန်စွာ ဖြည့်စွက်ထားခြင်းမရှိသည့် ဆင်းကတ်များကို ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် သုံးစွဲသူများအနေဖြင့် မိမိတို့၏ ဆင်းကတ်မှတ်ပုံတင်သည့် အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ကို မှန်/မမှန် စစ်ဆေးပြီး ပြင်ဆင်ရန်လိုအပ်ပါက (၃၁-၁-၂၀၂၃) ရက်နေ့ နောက်ဆုံးထား၍ ပြန်လည်ပြင်ဆင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ မိမိတို့၏အမည်/ နိုင်ငံသားစိစစ်ရေးကတ်အမှတ်တို့ မှန်/မမှန် စစ်ဆေးသိရှိနိုင်ရန် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT)အတွက် ***601#**၊ Atomအတွက် ***979*3*3#**၊ Ooredoo အတွက် ***666#**၊ Mytel အတွက် ***966#** သို့ခေါ်ဆို၍ ကြည့်ရှုစစ်ဆေးနိုင်ပါသည်။ ပြန်လည်ပြင်ဆင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာ အော်ပရေတာများ၏ အရောင်းဆိုင်များ၊ Application များနှင့် Website တို့တွင် ဆောင်ရွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန**

## အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကော်မရှင်အပါအဝင် အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသည့် ရုံးဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111 ” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ဝန်ဆောင်မှုရယူခဲ့သည့် ဌာန/အဖွဲ့အစည်းထံမှ မိမိတို့၏ လက်ကိုင်ဖုန်းများသို့ ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ Short Code နံပါတ် “1111” ဖြင့် SMS များ ပေးပို့မေးမြန်းလာပါက မှန်ကန်စွာပြန်လည်ဖြေကြား၍ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် သက်ဆိုင်ရာဌာနများ၏ ဝန်ဆောင်မှုလုပ်ငန်း အရည်အသွေးနှင့် လိုအပ်ချက်များကို အချိန်မီပြုပြင်နိုင်မည်ဖြစ်ပြီး ပြည်သူများအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ဝန်ဆောင်မှုများကို ရရှိလာမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် Short Code နံပါတ် “1111” ဖြင့်ပေးပို့လာသည့် မေးခွန်းများကို ပြန်လည်ဖြေကြားခြင်းဖြင့် အဂတိပယ်ခွာ ပြည်သာယာရေး ပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**"တိုင်းပြည် ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာလည်း အစိုးရဘက်က လူတွေနဲ့ မလုံလောက်ဘူး။ ယခုခေတ်မယ် ဘယ်ဟာပဲဖြစ်ဖြစ်၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ်၊ ကာကွယ်ရေးလုပ်ငန်းမှာပဲဖြစ်ဖြစ် လုပ်တဲ့အခါမယ် တိုင်းပြည်လူထုနဲ့ယှဉ်၍ ကိုယ်ထိလက်ရောက် ပါဝင်ကူညီဖို့ သဘောတရား တစ်နေ့တခြား ပိုမိုထင်ရှားလာတယ်။"**

[ဗိုလ်ချုပ်အောင်ဆန်း ၁၉၄၇ ခုနှစ် ဇွန်လဆန်း၌ ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးကြီးတွင် ပြောကြားသော မိန့်ခွန်းမှ ကောက်နုတ်ချက်]




❂ ကျောဖုံးမှ

ထိုသို့လေ့ကျင့်ဆောင်ရွက်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဆပ်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါကြည့်ရှုကြပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြသည်။

**လမ်းညွှန်မှာကြား**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများအလိုက် အထိမ်းအမှတ်ပြခန်းများ၊ ဒေသထွက် ရိုးရာအစားအသောက်နှင့် အထိမ်းအမှတ်ပစ္စည်း အရောင်းဆိုင်များ ဇန်နဝါရီ ၄ ရက်နေ့တွင် ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်ပြခန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)သင်တန်း အမှတ်စဉ်-၄၁ သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နေပြည်တော်သင်တန်းကျောင်းတွင် မြန်မာနိုင်ငံစာရင်းကောင်စီက ကြီးမှူးဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင် (Diploma in Accountancy – DA) (ဒုတိယပိုင်း) သင်တန်း အမှတ်စဉ်–၄၁ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။





**အရေးပါသည့် ကဏ္ဍတစ်ရပ်ဖြစ်**

သင်တန်းဖွင့်ပွဲတွင် ဒုတိယစာရင်းစစ်ချုပ် မြန်မာနိုင်ငံစာရင်းကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဒေါ်နိုင်သက်ဦးက နိုင်ငံတော်၏ဈေးကွက်စီးပွားရေးစနစ်ကို အခြေပြု၍ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရာတွင် စာရင်းပညာသည် အရေးပါသည့် ကဏ္ဍတစ်ရပ် ဖြစ်ကြောင်း၊ သို့ပါ၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်းအနေဖြင့် အရည်အချင်းပြည့်ဝသည့် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ တိုးပွားလာစေရန်၊ စာရင်းပညာနယ်ပယ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာရင်းစံများနှင့်အညီ လိုက်နာကျင့်သုံးနိုင်စေရန် စာရင်းပညာရပ်ဆိုင်ရာသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း)သင်တန်းကို ရန်ကုန်သင်တန်းကျောင်းတွင် ၁၉၇၄ – ၁၉၇၅ ခုနှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်တွင် ၂၀၁၀ – ၂၀၁၁ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ကြောင်း၊ အရေအတွက်သာမက အရည်အချင်းပြည့်ဝသည့် စာရင်းကျွမ်းကျင်သူများကို မွေးထုတ်ပေးလျက်ရှိရာ ယခုအချိန်ထိ ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) သင်တန်းအောင်မြင်သူ ၄၇၁၄ ဦး ရှိပြီဖြစ်ကြောင်း။

ဒီပလိုမာစာရင်းကိုင်သင်တန်းသည် စာရင်းကျွမ်းကျင်သူများကို မွေးထုတ်ပေးရုံသာမက စာရင်းပညာရှင်အဆင့်သို့ တက်လှမ်းနိုင်မည့် ပထမခြေလှမ်းဖြစ်သည့် အခြေခံသင်တန်းတစ်ခုလည်း ဖြစ်ကြောင်း၊ ယခုဖွင့်လှစ်သည့် ဒီပလိုမာစာရင်းကိုင်(ဒုတိယပိုင်း) သင်တန်းသို့ တက်ရောက်ကြသူများသည် စာရင်းကျွမ်းကျင်သူများဖြစ်စေရန် ခရီးတစ်ဝက်သို့ ရောက်ရှိကြပြီဖြစ်ပြီး သင်တန်းတွင်ပို့ချမည့် ဘာသာရပ်များသည်လည်း လက်တွေ့လုပ်ငန်းခွင်တွင် အမှန်တကယ်အသုံးဝင်ပြီး မိမိတို့၏ အသိဉာဏ်ပညာကို ပိုမိုရင့်ကျက်စေမည့် ဘာသာရပ်များဖြစ်ကြောင်း၊ သို့ပါ၍ သင်တန်းသားများအနေဖြင့် "စိတ်ဆန္ဒပြင်းပြသူများအတွက် မပြီးမြောက်သော အရာသည်မရှိ"ဆိုသည့်အတိုင်း သင်တန်းမှပို့ချမှုများကို ဖွဲ၊ လုံ့လရှိစွာဖြင့် အလေးအနက်ထား လေ့လာသင်ယူ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်ရာတွင် နိုင်ငံနှင့်ဌာနမှ အားထားရသည့် စာရင်းပညာရှင်များဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းကို နေပြည်တော်သင်တန်းကျောင်းတွင် ယနေ့မှစ၍ ၁၀ လကြာ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံစာရင်းကောင်စီအဖွဲ့ဝင်များ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## ဘင်္ဂလား ပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## မြန်မာ့ ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂**

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနတွင် ပျော်ပွဲရွှင်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပျော်ပွဲရွှင်ပွဲ အခမ်းအနားများဖြစ်သည့် ကံစမ်းမဲဖောက်ခြင်း၊ နိဗ္ဗာန်ဈေး(စတုဒိသာ) ကျွေးမွေးဧည့်ခံခြင်းနှင့် တေးသီချင်းသီဆိုပြိုင်ပွဲတို့ကို ယနေ့ညနေပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။





အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ဇနီး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးနှင့် ဇနီး၊ ဗိုလ်ချုပ်ဖြိုးသန့်နှင့်ဇနီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဌာနအကြီးအကဲများ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာ တက်ရောက်ပါဝင်ဆင်နွှဲကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဝန်ထမ်းများ ကံစမ်းမဲဖောက်နေမှုကို ကြည့်ရှုအားပေးကြပြီး ကံစမ်းမဲပေါက်ကြသည့် ဝန်ထမ်းများအား ဆုမဲပစ္စည်းများကို လက်ဝယ်အရောက်ပေးအပ်ကြသည်။ ယင်းနောက် ဝန်ထမ်းမိသားစုများ၏ နိဗ္ဗာန်ဈေး(စတုဒိသာ) ပွဲတော်၌ အမယ်စုံလင်စွာ ကျွေးမွေးဧည့်ခံနေမှုများကို ကြည့်ရှုအားပေးပြီး ဝန်ထမ်းများနှင့် အတူတကွသုံးဆောင်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဝန်ကြီးဌာနစုပေါင်းအစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ယနေ့ ပျော်ပွဲရွှင်ပွဲများ ကျင်းပပေးရခြင်းမှာ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် အပန်းပြေပျော်ရွှင်စေရန်နှင့် နှစ်သစ်တွင် စိတ်ခွန်အားသစ်များ ရရှိနိုင်စေရန်အတွက် လည်းကောင်း ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပျော်ပျော်ရွှင်ရွှင် ပါဝင်ဆင်နွှဲကြသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ နှစ်သစ်အခါသမယမှစ၍ မိမိတို့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ကျရာအခန်းကဏ္ဍအသီးသီးမှ ညီညွတ်စွာဖြင့် ဝိုင်းဝန်းလက်တွဲ၍ ဆက်လက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက်ဝန်ထမ်းမိသားစုများ၏ ပျော်ရွှင်စွာ တေးသီချင်းသီဆိုပြိုင်ပွဲဝင်နေမှုကို ကြည့်ရှုအားပေးပြီး ဆုရရှိသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများ ကျင်းပ

**ရွာငံ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ်တွင် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက်မှ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက်အထိ ခုနစ်ရက်ကြာ မြို့မအားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည်။

**ကြည့်ရှုအားပေး**

အားကစားပြိုင်ပွဲများကို ရွာငံမြို့နယ်အတွင်းရှိ အားကစားဝါသနာရှင်လူငယ်များ ဝင်ရောက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ သုံးဦးတွဲပိုက်ကျော်ခြင်း (အမျိုးသား) ၁၃ သင်း၊ စားပွဲတင်တင်းနစ် ၁၂ ဦးနှင့် ဘော်လီဘောငါးသင်းတို့ယှဉ်ပြိုင်နေမှုများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် ရွာငံမြို့နယ် အားကစားမှူး ဦးအောင်ကိုဦးက ပွဲစဉ်အလိုက် အားကစားပွဲများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကိုပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆုရအားကစားသမားများအား ဇန်နဝါရီ ၄ ရက်တွင်ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့တွင် ဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရွာငံ(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ်၌ ထီရွေး-ထီရယ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖွင့်ပွဲ ကျင်းပ

**ပင်လောင်း ဇန်နဝါရီ ၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါ့အင်ကျေးရွာအုပ်စု ထီရွေး-ထီရယ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ



ကျေးလက်ကုန်ထုတ်လမ်းပေါ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသဦးစီးမှူး ဦးလွင်လွင်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ပင်လောင်းမြို့နယ် မြို့နယ်စီမံအုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးခွန်ကျော်မင်းထွန်းက မြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများအား ရှင်းလင်းပြီး ပင်လောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဝင်းက ထီရွေး-ထီရယ်ကျေးရွာ ကျေးလက်ကုန်ထုတ်လမ်း အရှည် (၁/၄)မိုင်နှင့် ၎င်းကုန်ထုတ်လမ်းပေါ်ရှိ ရေပြွန်ခြောက်စင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒေသဦးစီးမှူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက ထီရွေး-ထီရယ်ကျေးရွာ ကုန်ထုတ်လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များထံသို့ လုပ်ငန်းလွှဲပြောင်းအပ်နှံခဲ့ကြောင်း သိရသည်။

**၂၂၂**

## ဘီးလင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်း ဖွင့်လှစ်

**ဘီးလင်း ဇန်နဝါရီ ၂**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ဘီးလင်းမြို့နယ် မီးသတ်ဦးစီးဌာနရုံး သင်တန်းခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ ဘီးလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစည်သူအောင်က သင်တန်းဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းထွန်းလင်းက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးသင်တန်းဖွင့်လှစ်ရာ ဘီးလင်းမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၅၀ တက်ရောက်ပြီး သင်တန်းနည်းပြသုံးဦးတို့က ဇန်နဝါရီ ၂ ရက်မှ ရက်သတ္တ လေးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ဒိုက်ဦးမြို့နယ်၌ ချယ်ရီလမ်းကွန်ကရစ်လမ်းသစ်ဖွင့်

**ဒိုက်ဦး ဇန်နဝါရီ ၂**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ် (၂) ကုန်သည်ရပ်ကွက် ချယ်ရီလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွဋ်မြင့်က ကွန်ကရစ်လမ်းသစ်နှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍အထိမ်းအမှတ်အလံများပေးအပ်ပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆန်းဦး၊ အဖွဲ့ဝင် ဦးတင်ထွဋ်မြင့်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မျိုးတို့က လမ်းသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်၏ အရှည်မှာ ၅၂၄ ပေ၊ အကျယ် ၁၂ ပေ၊ ဒု ၈ လက်မဖြစ်ပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ၂၂ ဒသမ ၈၇ သန်းဖြင့် လုပ်ငန်းတင်ဒါအောင် UNI-KO Co.,Ltd က ဆောက်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ကျော်ကျော်(ပြန်/ဆက်)**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# (၇၅)နှစ်ပြည့် စိန်ရတုလွတ်လပ်ရေးကြီး အစွန့်ရှည်ပါစေ

ကြည်ကြည်ဝင်း (စာပေဗိမာန်)

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၄ ရက် ဗုဒ္ဓဟူးနေ့ ခရစ်နှစ် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရတဲ့ (၇၅) နှစ်ပြည့်မြောက် စိန်ရတုမင်္ဂလာအခါသမယဖြစ်ပါတယ်။ လွန်ခဲ့တဲ့ (၇၅) နှစ် မြန်မာသက္ကရာဇ် ၁၃၀၉ ခုနှစ် ပြာသိုလဆုတ် ၉ ရက် တနင်္ဂနွေနေ့ ခရစ်နှစ် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအဖြစ် ကမ္ဘာ့နိုင်ငံများအကြား ဝင့်ဝင့်ကြွားကြွားပေါ်ထွက်လာခဲ့ပါတယ်။

**အမျိုးသားရေးစိတ်ဓာတ်နဲ့ ခံယူချက်တွေ**

တစ်ချိန်က ဘိုးဘွားတွေက အမျိုးသားရေးစိတ်ဓာတ်နဲ့ နိုင်ငံ့လွတ်လပ်ရေးကို အရယူပေးနိုင်ခဲ့သလို ယနေ့အချိန်ကာလမှာလည်း ပြည်ထောင်စုမြန်မာနိုင်ငံတော် လွတ်လပ်ရေးကြီး အရှည်တည်တံ့ခိုင်မြဲအောင် အမျိုးသားရေးစိတ်ဓာတ်တွေ မြှင့်တင်ပေးဖို့ လိုအပ်ပါတယ်။ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ လူမျိုးစုံဝါဒ၊ ယဉ်ကျေးမှုဝါဒတို့ဟာ အတိုင်းအတာတစ်ခုအရသာ ဖြစ်သင့်ပါတယ်။ အကန့်အသတ်မဲ့ လူမျိုးစုံ၊ ယဉ်ကျေးမှုစုံဆိုပါက အင်အားကြီးသူက အင်အားငယ်သူတွေကို ဝါးမျိုသွားမှာဖြစ်ပါတယ်။ အခုလို ဂလိုဘယ်လိုက်ဇေးရှင်းခေတ်မှာ ခေတ်သစ်ကိုလိုနီစနစ်ကို ကာကွယ်ဖို့ အမျိုးသားရေးစိတ်ဓာတ်နဲ့ ခံယူချက်တွေ လိုအပ်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အင်အားကြီးနိုင်ငံတွေအကြား မဟာဗျူဟာအရ အားပြိုင်နေတဲ့ အင်ဒိုပစိဖိတ်ဒေသရဲ့အချက်အချာ အရှေ့တောင်အာရှမှာ တည်ရှိနေပြီး ပထဝီအနေအထားအရရော၊ ပြည်တွင်းနိုင်ငံရေးအခြေအနေအရပါ အင်အားကြီးနိုင်ငံတွေရဲ့ ဝင်ရောက်စွက်ဖက်လှုပ်ရှားဖို့ အလားအလာရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ အင်ဒိုပစိဖိတ်ရပ်ဝန်းဟာ အရှေ့အာရှနဲ့ အရှေ့တောင်အာရှနိုင်ငံတွေ၊ ယင်းနိုင်ငံတွေရဲ့ ကမ်းရိုးတန်းတွေနဲ့ ကမ်းလွန်ပင်လယ်ပြင်တွေပါဝင်ပြီး ကမ္ဘာ့စီးပွားရေးအင်အားကြီးနိုင်ငံတွေ တည်ရှိရာဒေသဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော် (၅၈ ရာခိုင်နှုန်း) နေထိုင်ရာဒေသဖြစ်သလို ကမ္ဘာပေါ်မှာ အလျင်မြန်ဆုံးတိုးတက်နေတဲ့ဒေသဖြစ်နေတာမို့ ကမ္ဘာ့အချက်အချာကိုလွှမ်းမိုးနိုင်ဖို့ အင်အားကြီးနိုင်ငံတို့ ပြိုင်ဆိုင်နေကြတာဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံ့အချုပ်အခြာအာဏာ ခိုင်မြဲတည်တံ့ဖို့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြဖို့ လိုပါတယ်။ နိုင်ငံရဲ့ ငြိမ်းချမ်းရေးကိစ္စရပ်တွေမှာ ပြည်ပစွက်ဖက်မှုကင်းစင်စွာနဲ့ တိုင်းရင်းသားညီအစ်ကိုအချင်းချင်း မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာနိုင်ဖို့လိုပါတယ်။ ပြည်တွင်း၊ ပြည်ပက မြန်မာ့ငြိမ်းချမ်းရေးအကျိုးကို မလိုလားသူတွေ ရှိနေသရွေ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ခရီးမပေါက်ဘဲ ရှိမှာဖြစ်တဲ့အတွက် ငြိမ်းချမ်းရေးကို ပျက်စီးရာပျက်စီးကြောင်း ဝေဖန်အပုပ်ချနေမှုတွေအပေါ် နားယောင်ဖို့မသင့်ကြောင်း တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ သတိပြုမိဖို့လိုပါတယ်။

(၇၅) နှစ်တာကြာခဲ့တဲ့ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ပိုမိုခိုင်မာစေဖို့၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းအသီးအပွင့်တွေနဲ့ ပြည့်စုံစေဖို့ အရေးကြီးတဲ့ အချိန်ကာလ ရောက်ရှိနေပါပြီ။ ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ကာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို ဖော်ဆောင်နေတာ အားလုံးအသိပဲဖြစ်ပါတယ်။

ယနေ့ကာလဟာ ပြည်သူတစ်ရပ်လုံး လိုအပ်နေတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် မဖြစ်မနေလိုအပ်တဲ့ တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးဖော်ဆောင်နေတဲ့အချိန်ကာလဖြစ်ပါတယ်။ နိုင်ငံ့အကျိုးစီးပွားကို မလိုလားဘဲ ငြိမ်းချမ်းရေးကို ပျက်စီးရာ ပျက်စီးကြောင်း လုပ်ဆောင်နေတဲ့ ပြည်တွင်းပြည်ပအဖျက်သမားတွေရဲ့ အန္တရာယ်ကို သတိပြုရပါမယ်။

နိုင်ငံသားတိုင်းဟာ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို ချစ်ကြပါတယ်။ မြန်မာနိုင်ငံဟာ သယံဇာတနဲ့ လူဦးရေမျှတပြီး ကိုယ့်ဘာသာသာသနာနဲ့နေနိုင်တဲ့ နိုင်ငံဖြစ်လို့ ရှေးက ဘိုးဘေးဘီဘင်တို့ကို ကျေးဇူးတင်မိပါတယ်။ တန်ဖိုးထားသင့်တဲ့အရာတွေကို တန်ဖိုးထားပြီး ဆက်လက်ထိန်းသိမ်းဖို့ဆိုတာ စာပေကနေပဲ ရမှာဖြစ်ပါတယ်။ စာပေကို မဖတ်ရင် သမိုင်းတွေ၊ ဗဟုသုတတွေကို မသိတော့ မျိုးချစ်စိတ်တွေလည်း ကင်းမဲ့နေမှာဖြစ်ပါတယ်။ စာပေကို ဖတ်ရှုခြင်းဖြင့် မျိုးချစ်စိတ်တွေထက်သန်လာပြီး တိုင်းပြည်အတွက် သားကောင်း သမီးကောင်းတွေ ဖြစ်လာမှာ ဖြစ်ပါတယ်။ တိုင်းပြည်ရဲ့ သားကောင်း သမီးကောင်းတွေက အဖွဲ့အစည်းတစ်ခုခုကို ထူထောင်ပြီး ရရှိထားပြီးဖြစ်တဲ့ သဘာဝကပေးထားတဲ့ အရင်းအမြစ်တွေနဲ့ပေါင်းစပ်လိုက်ရင် ဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတစ်နိုင်ငံဖြစ်လာမှာ မလွဲမသွေပါပဲ။

နိုင်ငံတော်အစိုးရက တိုင်းပြည်သာယာဝပြောရေးနဲ့ စားနပ်ရိက္ခာဖူလုံရေးဆိုတဲ့ အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံရဲ့လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်ဟာ လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေပြီး စိုက်ပျိုးမွေးမြူရေးကို အခြေခံတဲ့ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့နိုင်ငံဖြစ်တဲ့အတွက် နိုင်ငံသူနိုင်ငံသားအားလုံး စားရေရိက္ခာဖူလုံရေး၊ အာဟာရပြည့်ဝရေး၊ အစားအစာဘေးကင်းလုံခြုံမှုရှိစေရေးတို့ကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

**ခရိုင်တစ်ခုစီမှာ တစ်ကျောင်းဖွင့်လှစ်နိုင်ဖို့**

အခြေခံပညာကျောင်းတွေမှာ စိုက်ပျိုးမွေးမြူရေးနဲ့ စက်မှုဆိုင်ရာပညာရပ်တွေ သင်ကြားနိုင်ဖို့ ခရိုင်တစ်ခုစီမှာ တစ်ကျောင်းဖွင့်လှစ်နိုင်ဖို့ စီမံဆောင်ရွက်နေတယ်လို့ သိရပါတယ်။ စိုက်ပျိုးရေးသိပ္ပံနဲ့ မွေးမြူရေးသိပ္ပံတွေကို ဖွင့်လှစ်မှသာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနဲ့ စက်မှုလုပ်ငန်းအတွက် ကျွမ်းကျင်တဲ့ လူသားအရင်းအမြစ်တွေ ရရှိလာမှာ အမှန်ပဲဖြစ်ပါတယ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက တိုင်းပြည်သာယာဝပြောရေး၊ စားနပ်ရိက္ခာဖူလုံရေးလုပ်ဆောင်နေတာတွေ၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ပြည်ထောင်စုကြီး တည်ဆောက်ရေးဆောင်ရွက်နေတာတွေ၊ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိဖို့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ အတိုင်း အလေးထားဆောင်ရွက်နေတာတွေ တွေ့ရပါတယ်။

> **ကမ္ဘာပေါ်မှာ စီးပွားရေးမညီမျှမှုတွေနဲ့ ရွှေ့ပြောင်းအခြေချမှုတွေကြောင့် နိုင်ငံတွေရဲ့အမျိုးသားရေးလက္ခဏာကို ခြိမ်းခြောက်မှုတွေရှိလာပါတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေက ကိုယ်ကျိုးစီးပွား ကာကွယ်ရေးတွေကို ပိုမိုလုပ်ဆောင်လာတာကြောင့် အင်အားနည်းတဲ့နိုင်ငံတွေဟာ ခေတ်ရဲ့သားကောင်ဖြစ်နေတဲ့ အခြေအနေနဲ့အချိန်ကာလမှာ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသားအကျိုးစီးပွားထိန်းသိမ်းကာကွယ်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်တွေ၊ အမျိုးသားရေးခံယူချက်တွေ မြှင့်တင်ကြရမှာဖြစ်**

မြန်မာနိုင်ငံအနေနဲ့ လွတ်လပ်တက်ကြွပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးမူဝါဒကို ဆက်လက်ကျင့်သုံးနေသလို ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ချက်ကို အခြေခံလျက် ကမ္ဘာ့နိုင်ငံအားလုံးနဲ့ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလျက်ရှိပါတယ်။ ကမ္ဘာ့အသိုက်အဝန်းအတွင်း တာဝန်သိအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ခိုင်မာစွာရပ်တည်နေပြီး အာဆီယံအပါအဝင် ဒေသတွင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေမှာ တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်နေပါတယ်။

တိုင်းပြည် တည်ငြိမ်အေးချမ်းလာတာနဲ့အမျှ ပြည်တွင်းပြည်ပခရီးသွားလာမှုတွေကြောင့် ဒေသတွင်း ရောင်းဝယ်ဖောက်ကားမှုတွေ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတွေ လည်ပတ်လာနိုင်မှာဖြစ်ပြီး လည်ပတ်သုံးစွဲငွေတွေ တိုးမြင့်လာမှာဖြစ်ပါတယ်။ ပြည်ပခရီးသွားတွေ ဝင်ရောက်ခြင်းကြောင့် နိုင်ငံခြားဝင်ငွေတွေ ပိုမိုရရှိလာနိုင်မှာဖြစ်ပါတယ်။ ပြည်တွင်းပြည်ပခရီးသွားလာမှုတွေ မြှင့်တင်ဆောင်ရွက်နိုင်မယ်ဆိုရင် စီးပွားရေးအရ များစွာတိုးတက်ပြောင်းလဲလာမှာ ဖြစ်ပါတယ်။

**ပုဂ္ဂလိကကို ဗဟိုပြုတဲ့စီးပွားရေးလုပ်ငန်းတွေ**

မြန်မာနိုင်ငံဟာ ဈေးကွက်စီးပွားရေးစနစ်၊ ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးနေတဲ့နိုင်ငံဖြစ်ပါတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ ပုဂ္ဂလိကအခန်းကဏ္ဍ၊ လူတစ်ဦးချင်းရဲ့အခန်းကဏ္ဍဟာ တိုင်းပြည်ရဲ့ အဓိကမောင်းနှင်အားဖြစ်ပါတယ်။ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေတွေ မတည်ထူထောင်ထားပြီး ကျန်ရှိတဲ့ငွေကို MSME လုပ်ငန်းတွေနဲ့ မွေးမြူရေးကဏ္ဍမြှင့်တင်ရေးအတွက် ရည်ရွယ်ထားပါတယ်။ ပုဂ္ဂလိကကို ဗဟိုပြုတဲ့စီးပွားရေးလုပ်ငန်းတွေကို အားပေးဆောင်ရွက်နေခြင်း ဖြစ်ပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်စေ MSME လုပ်ငန်းတွေကို အဓိကထားဆောင်ရွက်ကြရပါတယ်။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းတွေ (MSME) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေပြီး နိုင်ငံ့စီးပွားရေးပြန်လည်ဦးမော့လာစေဖို့ ရည်ရွယ်ဆောင်ရွက်နေတာဖြစ်ပါတယ်။

စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီစနစ်ကို ကျင့်သုံးရာမှာ အသိပညာ၊ အတတ်ပညာနဲ့ ပြည့်စုံတဲ့ လူသားအရင်းအမြစ်တွေ ပြည့်စုံဖို့ မဖြစ်မနေလိုအပ်ပြီး နိုင်ငံမှာ ပညာတတ်တွေ ပေါကြွယ်ဝမှသာ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်နဲ့ ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ အသိပညာ၊ အတတ်ပညာနဲ့ ပြည့်စုံပြီး ပညာပြည့်ဝနှလုံးလှတဲ့ စိတ်ဓာတ်ကောင်းမွန်တဲ့ ပညာတတ်နိုင်ငံ့သားကောင်း သမီးကောင်းရတနာမွန်တွေကို မွေးထုတ်သွားဖို့ လုပ်ဆောင်နေတာတွေ့ရပါတယ်။ မြေပေါ်မြေအောက် သယံဇာတပစ္စည်းတွေကို ကုန်ကြမ်းအတိုင်း ရောင်းချခြင်းမပြုဘဲ ကုန်ချောပစ္စည်းတွေအဖြစ် ထုတ်ကုန်တွေထုတ်လုပ်ပြီး တင်ပို့ရောင်းချနိုင်မှသာ နိုင်ငံ့စီးပွားရေးဦးမော့လာမှာဖြစ်တာမို့ နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပါတယ်။

မိသားစုတစ်စု စီးပွားရေးအင်အားတောင့်တင်းမှု၊ တစ်ဦးနဲ့တစ်ဦး ညီညွတ်မှု၊ အသိပညာ၊ အတတ်ပညာတွေပြည့်စုံမှု၊ မိသားစုကို သွေးထိုးဖျက်ဆီးလိုသူတွေရဲ့ရန်ကို ကြိုတင်မှန်းဆထားနိုင်မှု၊ မိသားစုပြိုကွဲမယ့်ဘေးကနေ ကင်းဝေးမှာဆိုသလို မိသားစုတစ်စုနဲ့တူတဲ့ မိမိတို့နိုင်ငံမှာလည်း စီးပွားရေးအင်အားတောင့်တင်းမှု၊ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေ ညီညွတ်မှု၊ အသိပညာ၊ အတတ်ပညာများပြည့်စုံမှု ပြည်ထောင်စုကြီးတည်တံ့ပြီး သူ့ကျွန်ဘဝ ပြန်လည်မကျရောက်မှာဖြစ်ပါတယ်။

**နိုင်ငံတွေရဲ့ အမျိုးသားရေးလက္ခဏာ**

ပြည်ထောင်စုတိုင်းရင်းသားတွေ စုစည်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသားအကျိုးစီးပွား၊ နိုင်ငံသားတိုင်းရဲ့ အကျိုးစီးပွားကာကွယ်စောင့်ရှောက်ရေးနဲ့ ထိန်းသိမ်းရေးဆိုတာ မျှတတဲ့အမျိုးသားရေးဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ စီးပွားရေးမညီမျှမှုတွေနဲ့ ရွှေ့ပြောင်းအခြေချမှုတွေကြောင့် နိုင်ငံတွေရဲ့အမျိုးသားရေးလက္ခဏာကို ခြိမ်းခြောက်မှုတွေရှိလာပါတယ်။ ကမ္ဘာ့အင်အားကြီးနိုင်ငံတွေက ကိုယ်ကျိုးစီးပွား ကာကွယ်ရေးတွေကို ပိုမိုလုပ်ဆောင်လာတာကြောင့် အင်အားနည်းတဲ့နိုင်ငံတွေဟာ ခေတ်ရဲ့သားကောင်ဖြစ်နေတဲ့ အခြေအနေနဲ့အချိန်ကာလမှာ မြန်မာနိုင်ငံရဲ့အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ရေး၊ အမျိုးသားအကျိုးစီးပွား ထိန်းသိမ်းကာကွယ်ရေးအတွက် အမျိုးသားရေးစိတ်ဓာတ်တွေ၊ အမျိုးသားရေးခံယူချက်တွေ မြှင့်တင်ကြရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ (၇၅ ) နှစ်တာ လွတ်လပ်ရေးရပြီးကာလအတွင်း ပန်းခင်းတဲ့လမ်းတွေကို လျှောက်လှမ်းရသလို ဆူးခင်းတဲ့လမ်းကြမ်းတွေလည်းဒုနဲ့ဒေး ဖြတ်သန်းခဲ့ရပါတယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ဆီသွားရတဲ့လမ်းတွေ ဘယ်လိုပဲကြမ်းပါစေ၊ လမ်းမချော်ဖို့တော့ သတိရှိရပါမယ်။ ထိုလမ်းပေါ်မှ သွေဖည်သွားပါက သူ့ကျွန်ဘဝကို တစ်ဖန်ပြန်ပြီး ကျရောက်သွားမှာဖြစ်ပါတယ်။ ရရှိထားတဲ့လွတ်လပ်ရေးအတွက် အသက်၊ သွေး၊ ချွေးမြောက်မြားစွာနဲ့ ရင်းနှီးပေးဆပ်ပြီးရရှိထားတာဖြစ်လို့ လွတ်လပ်ရေးကို မဆုံးရှုံးသွားရအောင် ထိန်းသိမ်းစောင့်ရှောက်ရမှာက မြန်မာနိုင်ငံမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမတွေရဲ့တာဝန်ပဲဖြစ်ပါတယ်။

အခုကာလမှာ နိုင်ငံတစ်နိုင်ငံရဲ့ ပြည်တွင်းရေးနဲ့ နိုင်ငံရေးကိုဝင်ရောက်ကစားလိုသူ၊ ပြည်ပမှ သွေးထိုးလှုံ့ဆော်သူများစွာရှိနေရာ လွတ်လပ်ရေးကို ထိပါးမယ့်အန္တရာယ်ကို ရိပ်မိသိရှိပြီး လွတ်လပ်ရေးဆုံးရှုံးမယ့်ဘေးမှ ကင်းဝေးရအောင် နိုင်ငံအတွင်း နေထိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

## (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား မြင်းစီးအားကစားပြိုင်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ယနေ့နံနက် ၈ နာရီက စတင်ကျင်းပရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ပြိုင်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို စတင်ကျင်းပခဲ့သည်။



### စတင်ယှဉ်ပြိုင်

အဆိုပါမြင်းစီးပြိုင်ပွဲ၌ မြန်မာ့ရိုးရာဒုန်းစီးပြိုင်ပွဲ၊ မြန်မာ့ရိုးရာအသားကျပြိုင်ပွဲ၊ တန်းခုန်သရုပ်ပြပြိုင်ပွဲ၊ အလှစီးသရုပ်ပြပြိုင်ပွဲတို့ပါဝင်ပြီး ယနေ့တွင် မြန်မာ့ရိုးရာဒုန်းစီးပြိုင်ပွဲ၊ မြန်မာ့ရိုးရာ အသားကျပြိုင်ပွဲကို စတင်ယှဉ်ပြိုင်ခဲ့ကြသည်။

"ကိုဗစ်ရောဂါကြောင့် ပြိုင်ပွဲမကျင်းပဖြစ်တာ သုံးနှစ်လောက်ရှိသွားပါပြီ။ အခုက ကြုံထောင့်ကြုံခဲဖြစ်တဲ့ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျင်းပနိုင်ဖို့အတွက် ပြီးခဲ့တဲ့တစ်လလောက်ကတည်းက ပြင်ဆင်ခဲ့ရပါတယ်။ ပြိုင်ပွဲအမျိုးအစား လေးမျိုးမှာ အားကစားသမား ၄၀ ကျော် ပါဝင်ယှဉ်ပြိုင်လျက်ရှိပါတယ်။ ပထမ၊ ဒုတိယ၊ တတိယဆုတွေအဖြစ် ဆုဖလားတွေ ချီးမြှင့်သွားမှာဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့ချုပ်အနေနဲ့ လာမယ့် ဖေဖော်ဝါရီလထဲမှာ ဒီလိုမျိုး ပြိုင်ပွဲတစ်ပွဲ ကျင်းပသွားဖို့ ရှိပါတယ်။ မြင်းစီးအားကစားနဲ့ပတ်သက်လို့ ထိုင်းနိုင်ငံမှာကျင်းပမယ့် ဆီးဂိမ်းပြိုင်ပွဲမှာ ကီလိုမီတာ ၈၀ က စစီးရတဲ့ မြင်းမာရသွန်ပြိုင်ပွဲဝင်ပြိုင်ဖို့ ကြိုတင်ပြင်ဆင်တဲ့ ပွဲလေးတွေလည်း လုပ်သွားဖို့ရှိပါတယ်။ ထိုင်း၊ မလေးရှားတို့နဲ့ တွဲဖက်ပြီး ပြိုင်ပွဲလေးတွေစီစဉ်သွားဖို့ရှိပါတယ်" ဟု မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးပြုံးမောင်မောင်က ပြောကြားသည်။

အဆိုပါ မြင်းစီးအားကစားပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်ထိ သုံးရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

လင်းရာမ

## မအူပင်တက္ကသိုလ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့(အကြို) လူငယ်စကားဝိုင်းကျင်းပ



မအူပင် ဇန်နဝါရီ ၂

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့(အကြို) လူငယ်စကားဝိုင်းကို ယနေ့နံနက် ၁၀ နာရီက မအူပင်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

လူငယ်စကားဝိုင်းသို့ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မအူပင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာနီနီဦးနှင့် ဒုတိယပါမောက္ခချုပ် ဆရာမကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ ဘာသာရပ်သင်ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မအူပင်တက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာနီနီဦးက အဖွင့်မိတ်ဆက်စကားပြောကြားပြီး မအူပင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

### ဆွေးနွေး

ဆက်လက်၍ လူငယ်စကားဝိုင်းကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က ဆောင်ရွက်ပြီး ကျောင်းသား ကျောင်းသူ ခြောက်ဦးက (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့(အကြို) လူငယ်စကားဝိုင်းကို "ပြည်ထောင်စုကြီးအခွန့်ရှည်ဖို့ လွတ်လပ်ရေးကို ထိန်းသိမ်းစို့"ခေါင်းစဉ်ပါ လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း၊ လွတ်လပ်ခြင်း၏တန်ဖိုး၊ အိမ်နီးချင်းနိုင်ငံများနှင့် မြန်မာနိုင်ငံ၏အခန်းကဏ္ဍ၊ လွတ်လပ်ခြင်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ၊ လွတ်လပ်ခြင်းမှသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဆီသို့ စသည့် ခေါင်းစဉ်ပါအကြောင်းအရာများကို မောင်ဟိန်းဇေယျာထွန်း (မြန်မာစာဌာန)၊ မဝသန်ကျော်(သမိုင်းဌာန)၊ မောင်သီဟမျိုး(ဥပဒေပညာဌာန)၊ မအေးမြတ်မွန်(သမိုင်းဌာန)၊ မောင်စိုင်းမင်းကို(စီးပွားရေးပညာဌာန)၊ မောင်ဉာဏ်လင်း(ရူပဗေဒဌာန)တို့က ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## သာစည်မြို့နယ်၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်း အားကစားပြိုင်ပွဲများကျင်းပ၊ ဆုများချီးမြှင့်

သာစည် ဇန်နဝါရီ ၂

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း၌ ယနေ့နံနက် ၉ နာရီက အားကစားပြိုင်ပွဲများနှင့် ဆုများချီးမြှင့်ပေးအပ်ပွဲ ကျင်းပကြောင်း သိရသည်။

အဆိုပါ အားကစားပြိုင်ပွဲတွင် သက်ငယ်တန်းကျား/မ အလွတ်ပြေး၊ သက်ငယ်တန်း ကျား/မ သဏ္ဌာန်တူရွေးပြေးပွဲ၊ သက်ငယ်တန်း ကျားကြက်ဥဇွန်းကိုက်ပြေးပွဲ၊ သက်လတ်တန်း မ ကြိုးသီပြေးပွဲ၊ သက်လတ်တန်း ကျား/မ အရောင်တူရွေးပြေးပွဲ၊ သက်ကြီးတန်း ကျား အင်္ကျီဘောင်းဘီဝတ်ပြေးပွဲနှင့်သက်ကြီးတန်း မ အာလူးကောက်ပြေးပွဲစသည့် ကစားနည်း ၁၀ မျိုး ယှဉ်ပြိုင်ကြရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာစောမြင့်ထူး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်ကျော်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်အားပေးခဲ့ကြောင်း သိရသည်။ ဆက်လက်ပြီး ဆုချီးမြှင့်ပွဲ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ရှိသူများနှင့် မူကြိုကျောင်းမှ ဆရာမများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များက ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။



မြို့နယ်(ပြန်/ဆက်)

## စိန်ရတုလွတ်လပ်ရေးမှသည်

★ နှောင်ဖွဲ့မှုကင်း၊ လွတ်လပ်ခြင်းသည်
ကောင်းခြင်းဖြာဖြာ မင်္ဂလာတည့်။
★ ဒို့ပြည် ဒို့မြေ၊ ဒို့ပိုင်ရေသည်
သန္ဓေအနှစ်၊ အမွေစစ်မို့
ကျွန်ဖြစ် နွံနစ်၊ အရိုင်းခေတ်ကို
ဆိုးညစ်မခံ၊ မျိုးချစ်မာန်ဖြင့်
ပြန်လည်ဆောင်မြန်း၊ လွတ်လပ်ပန်းလျှင်
ပွင့်လန်း စိန်ရတု တိုင်လေပြီ။
★ ဘိုးဘွားအမွေ၊ အစွန့်ရှည်အောင်
တက်နေပမာ၊ ကျက်သရေဖြာအောင်
ဘာသာ သာသနာ၊ ရောင်ထိန်ဝါအောင်
စဉ်လာထုံးစံ၊ ဓလေ့မှန်အောင်
မြန်မာပီပီ အားသန်ရည်လော့။
★ လွတ်လပ်ခြင်း၏၊ တန်ဖိုးသိလျက်
ပြည်၏အနာဂတ်၊ ဖြောင့်မှန်လတ်အောင်
ရပ်တည်ချက်မှန်၊ သန္နိဋ္ဌာန်ဖြင့်
နိုင်ငံ လူမျိုး၊ ဘုံအကျိုးတွက်
ကြိုးပမ်းညီညီ အားမာန်ချီလော့။
★ ကိုယ့်မြေ ကိုယ်ရေ၊ ကိုယ့်အခြေနှင့်
ကိုယ့်ဆွေ ကိုယ့်မျိုး၊ ကိုယ့်လူမျိုးနှင့်
ကိုယ့်ခွင့် ကိုယ်ဆိုင်၊ ကိုယ့်နိုင်ငံနှင့်
နိုင်ငံခေတ်မီ၊ ဖွံ့ဖြိုးစည်အောင်
ကမ္ဘာနှင့်ချီ၊ အရှည်တည်အောင်
ဤပြည်ထောင်ဖွား၊ တိုင်းရင်းသားတို့
ကိုယ့်အား ကိုယ်ကိုး၊ ကိုယ့်မျိုး ကိုယ်မြှင့်
အဆင့်ဆင့်ဖြင့်
ထပ်ဆင့်ဆောင်ကြိုး နိုင်စေသော်။
မြင့်မြတ်မြန်မာ နိုင်ငံတော်။

မျိုးမြတ်မြတ်မြင့်မောင်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

# မြို့တော်ဖွံ့ဖြိုးရေးလုပ်ငန်းများ တိုင်းဒေသကြီးဝန်ကြီးများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေးနှင့် သယံဇာတရေးရာဝန်ကြီး ဦးဇော်ဝင်းတို့သည် ယနေ့ နံနက် ၉ နာရီတွင် လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ်လမ်းဘေးရေပေးဝေရေးဇုန် (၉) ရေစုကန် မြေနေရာသို့သွားရောက်၍ မြေဧရိယာ နှစ်ဧကတွင် ဆောင်းသီးနှံနေကြာစိုက်ပျိုးထားရှိမှုကိုလည်းကောင်း၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနရှိ ထိန်ပင်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံသို့သွားရောက်၍ မြေဧရိယာဧက (၅၀) တွင် ဆောင်းသီးနှံနေကြာစိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် မြို့တော်ဝန်နှင့်ဝန်ကြီးတို့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်းဘေး ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်အဝင်လမ်းထောင့် အနော်ရထာစက်မှုဇုန်ရှေ့သို့ သွားရောက်၍ ရန်ကုန်-ပုသိမ်လမ်း ရေစုကန်ရေမြောင်း ရေသွားလမ်းအကျယ် ၄၈ ပေကို အရှည်ပေ ၉၃၀ ရှိမြေထိန်းနံရံနှစ်ဖက် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြို့တော်ဝန်နှင့်ဝန်ကြီးတို့သည် လှိုင်မြို့နယ် (၁၂) ရပ်ကွက် ပါရမီလမ်းသို့ သွားရောက်၍ အင်ဂျင်နီယာဌာန(လမ်းနှင့်တံတား)မှ ပြည်လမ်းနှင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ)အဝင်လမ်းအကြား ကွန်ကရစ်တိုးချဲ့ခင်းကျင်းနေမှု၊ တိုးချဲ့လမ်းနှင့် အင်းလျား လေးကန်စပ်အကြား လူသွားစင်္ကြံစက်ဘီးလမ်းပြုလုပ်ရန် မြေသားပြုပြင်ဆောင်ရွက်နေမှု၊ လမ်းသားစင်္ကြံများနှင့် လွတ်ကင်းမှုမရှိသည့် သစ်ပင်အကိုင်းအခက်များ ခုတ်ထွင်ရှင်းလင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် မြို့တော်ဝန်နှင့် ဝန်ကြီးတို့သည် ကန်တော်ကြီးသဘာဝဥယျာဉ်အတွင်း ကန်ရေ ပြင်ကြည်လင်သန့်ရှင်းရေးအတွက် အမှိုက်၊ ဒိုက်နှင့် ရေမှော်များ ဆယ်ယူရှင်းလင်းနေမှုနှင့် 1.1 kW DC Motor တပ် Solar Power သုံး ရေဒလက်မော်တာဖြင့် ကန်ရေနှင့် ရေမှော်များတွင်ရှိသည့် Bacteria နှင့် Micro-organism များကို လျော့ပါးစေရန် ကန်ရေကို Aeration ပြုလုပ်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မော်လမြိုင်မြို့တွင် အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်းပြခန်း ဖွင့်လှစ်

**မော်လမြိုင် ဇန်နဝါရီ ၂**

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးဖွင့်လှစ်သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို အထိမ်းအမှတ်ဝန်ကြီးဌာနဆိုင်ရာ ပြခန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်းပြခန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် ညနေ ၄ နာရီခွဲတွင် မြစ်ကမ်းသာအားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်စွာမြင့်က အဖွင့်အမှာစကားပြောကြားသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို ဝန်ကြီးဌာနဆိုင်ရာပြခန်းများနှင့် အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်းပြခန်းများကို မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ စီးပွားရေးရာဝန်ကြီး နိုင်လယိတမ၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦး၊ ပြည်နယ်ဥပဒေချုပ် ဦးမြင့်အောင်နှင့် ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို ဝန်ကြီးဌာနဆိုင်ရာ ပြခန်းနှင့် အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်းပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့သည်။ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို ဝန်ကြီးဌာနဆိုင်ရာပြခန်းပေါင်း ၂၂ ခန်းနှင့် အသေးစား၊ အငယ်စား၊ အလတ်စား ထုတ်ကုန်အရောင်းပြခန်းပေါင်း ၁၄ ခန်း စုစုပေါင်း ၃၆ ခန်းနှင့် တေးဂီတဖျော်ဖြေပွဲများကို ဇန်နဝါရီ ၂ ရက်မှ ၄ ရက်အထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**





# ဝမ်းတွင်းမြို့နယ်၌ အားကစားပြိုင်ပွဲများ ကျင်းပ

**ဝမ်းတွင်း ဇန်နဝါရီ ၂**

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိသည်။ ယနေ့နံနက် ၉ နာရီက မြို့နယ်အားကစားရုံအတွင်း ပိုက်ကျော်ခြင်းခတ်ယှဉ်ပြိုင်နေခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဦးရဲမြင့်သိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်း(၁၅)သင်းမှ အားကစားသမားများ၊ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းများ၊ အားကစားစိတ်ပါဝင်စားသည့် ပြည်သူများက ပွဲစဉ်(၁၃)အနိုင်ရအသင်းနှင့် ပွဲစဉ်(၁၄)အနိုင်ရအသင်းတို့ ယှဉ်ပြိုင်ကစားနေခြင်းကို ကြည့်ရှုအားပေးကြသည်။

ဝမ်းတွင်းမြို့နယ် မြို့နယ်အားကစားခန်းမ၌ ဘော်လီဘော (ကျား/မ)ပြိုင်ပွဲ၊ ပိုက်ကျော်ခြင်း (ကျား/မ) ပြိုင်ပွဲ၊ ချောတိုင်တက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက် (ကျား/မ)ပြိုင်ပွဲ၊ အ.ထ.က (ခွဲ) ဝမ်းတွင်း(၁)တွင် လွန်ဆွဲ (ကျား/မ) ပြိုင်ပွဲ၊ သဲတော-ဝမ်းတွင်းအ.ထ.ကတွင် မီတာ-၁၀၀ အပြေးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ အိတ်စွပ်ပြေး (ကျား/မ) ပြိုင်ပွဲများ ကျင်းပလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သံတွဲခရိုင် လူထုအခြေပြုဗဟိုဌာနတွင် စိတ်ကြိုက်ပန်းချီပြိုင်ပွဲ ကျင်းပ

**သံတွဲ ဇန်နဝါရီ ၂**

ရခိုင်ပြည်နယ် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် (၇၅ )နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အခြေခံပညာအထက်တန်း၊ အလယ်တန်းအဆင့် စိတ်ကြိုက်ပန်းချီပြိုင်ပွဲကို ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။



ရှေးဦးစွာ သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာကြည်က လွတ်လပ်ရေးနေ့ ဖြစ်ပေါ်လာပုံ၊ လွတ်လပ်ရေးရရှိရန် ကြိုးပမ်းခဲ့ကြပုံများနှင့် လွတ်လပ်ရေးကို ကာကွယ် စောင့်ရှောက်ကြရန် လိုအပ်ကြောင်းတို့ကို ပြောကြားပြီး စာပေချစ်မြတ်နိုးသူများအဖွဲ့ နာယက ဦးမြင့်စိုး (အကဲဖြတ်ဒိုင်)က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ သံတွဲမြို့နယ်အတွင်းရှိ အထက -၁၊ အထက-၂၊ ထ(ခွဲ) (မြို့မ)၊ ထ(ခွဲ) (င/ကျော်တောင်)၊ ထ(ခွဲ) (လင်းသာ)၊ အထက (ငပလီ) နှင့် အထက (ကင်းမော်) ကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၇ ဦးတို့ပါဝင်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများကို ဇန်နဝါရီ ၄ ရက် (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အခမ်းအနားတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အုတ်ဖိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနပေါင်းစုံနှင့် ကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ



**အုတ်ဖို ဇန်နဝါရီ ၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့ အားကစားခန်းမ၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဖလား ဌာနပေါင်းစုံနှင့် ကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ဇန်နဝါရီ ၂ ရက် နံနက် ၈ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ အုတ်ဖိုမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် အားကစားဒိုင်တစ်ဦးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကိုစတင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲမှ ဆုရရှိသည့်အသင်းများကို (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **အောင်သူ (ပြန်/ဆက်)**

# စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် တစ်ကျပ်သားရွှေဒင်္ဂါးနှင့် ငါးမူးသားရွှေဒင်္ဂါးများ အသစ်သွန်းလောင်းထုတ်ဝေမည်

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သော (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် တစ်ကျပ်သားရွှေဒင်္ဂါးနှင့် ငါးမူးသား ရွှေဒင်္ဂါးများအား အသစ်သွန်းလောင်းထုတ်ဝေမည်ဖြစ်သည်။

**ဖော်ပြထား**

အသစ်သွန်းလောင်းသည့် တစ်ကျပ်သားရွှေဒင်္ဂါး၏ အချက်အလက်များမှာ အချင်း ၂၆ ဒသမ သုည မီလီမီတာ၊ အထူမှာ ၂ ဒသမ သုည မီလီမီတာရှိ၍ ဒင်္ဂါး၏ရှေ့ မျက်နှာပြင်အလယ်ဗဟိုတွင် ဆင်ဖြူတော်ပုံပါရှိပြီး ပုံ၏ယာဘက်တွင် **“(၇၅) နှစ်မြောက်”**ဟု ဖော်ပြပါရှိပါသည်။ ဆင်ဖြူတော်၏အောက်ခြေတွင် **“၁ ကျပ်သား ၂၀၂၃”**ဟု လည်းကောင်း၊ ရွှေဒင်္ဂါး၏အနားပတ်လည်တွင် **“မြန်မာနိုင်ငံတော်ဗဟိုဘဏ်” “(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့”** ဟု လည်းကောင်း ဖော်ပြထားပါသည်။ ရွှေဒင်္ဂါး၏ ကျောဘက်မျက်နှာပြင်တွင်လည်း ဆင်ဖြူတော်ပုံပါရှိပြီး အင်္ဂလိပ်ဘာသာဖြင့် ယာဘက်တွင် **“75th”**၊ ပုံ၏အောက်ဘက်တွင် **“16.329 gm. 2023”** ဟုလည်းကောင်း၊ ရွှေဒင်္ဂါးပြားအနားပတ်လည်တွင် **“Central Bank of Myanmar” “75th Diamond Jubilee Independence Day”** ဟုလည်းကောင်း ဖော်ပြထားသည်။

### (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် တစ်ကျပ်သားရွှေဒင်္ဂါးပုံစံ

**ရှေ့မျက်နှာ**




**ကျောဘက်မျက်နှာ**




### (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ၅ မူးသားရွှေဒင်္ဂါးပုံစံ

**ရှေ့မျက်နှာ**




**ကျောဘက်မျက်နှာ**




အသစ်သွန်းလောင်းသည့် ငါးမူးသားရွှေဒင်္ဂါး၏ အချက်အလက်များမှာ အချင်း ၂၂ ဒသမ သုည မီလီမီတာ၊ အထူမှာ ၁ ဒသမ ၅ မီလီမီတာရှိ၍ ဒင်္ဂါး၏ရှေ့မျက်နှာပြင် အလယ်ဗဟိုတွင် ဆင်ဖြူတော်ပုံပါရှိပြီး ပုံ၏ယာဘက်တွင် **“(၇၅) နှစ်မြောက်”**ဟု ဖော်ပြပါရှိသည်။ ဆင်ဖြူတော်၏အောက်ခြေတွင် **“၅ မူးသား ၂၀၂၃”**ဟု လည်းကောင်း၊ ရွှေဒင်္ဂါး၏အနားပတ်လည်တွင် **“မြန်မာနိုင်ငံတော်ဗဟိုဘဏ်” “(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့”**ဟု လည်းကောင်း ဖော်ပြထားသည်။ ရွှေဒင်္ဂါး၏ ကျောဘက် မျက်နှာပြင်တွင်လည်း ဆင်ဖြူတော်ပုံပါရှိပြီး အင်္ဂလိပ်ဘာသာဖြင့် ယာဘက်တွင် **“75th”**၊ ပုံ၏အောက်ဘက်တွင် **“8.164 gm. 2023”**ဟု လည်းကောင်း၊ ရွှေဒင်္ဂါးပြားအနားပတ်လည်တွင် **“Central Bank of Myanmar” “75th Diamond Jubilee Independence Day”** ဟု လည်းကောင်း ဖော်ပြထားသည်။

တစ်ကျပ်သားနှင့် ငါးမူးသားရွှေဒင်္ဂါးများ ဝယ်ယူသည့်အခါ ရွှေဒင်္ဂါးပြားနှင့်အတူ မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဥက္ကဋ္ဌနှင့် သွန်းလောင်းသည့် ဌာနအကြီးအကဲတို့၏ မှန်ကန်ကြောင်း ထောက်ခံချက်များ တစ်ပေါင်းတည်းပါရှိမည်ဖြစ်သည်။

တစ်ကျပ်သားနှင့် ငါးမူးသား ရွှေဒင်္ဂါးများကို မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ အရောင်းဆိုင်များ (နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေး)တွင် ဇန်နဝါရီလ ၅ ရက်နေ့မှစ၍ ဝယ်ယူရရှိနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန် ပြပွဲ၊ ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကန်တော်ကြီး သဘာဝဥယျာဉ် မဟာမြိုင်ကျွန်းရှိ ဆင်ဖြူတော်ရုပ်တု၌ ကျင်းပသည်။



အဆိုပါပြိုင်ပွဲကို ဟင်းသီးဟင်းရွက်၊ သစ်သီး ဝလံနှင့် ပန်းမန်စိုက်ပျိုးခြင်းလုပ်ငန်းကို အများ ပြည်သူ စိတ်ပါဝင်စားလေ့လာနိုင်စေရန်၊ ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးရေး အဆင့်မြင့်နည်းပညာများကို အများပြည်သူလေ့လာ နိုင်စေရန်၊ မျိုးကောင်းမျိုးသန့်များ ပြန့်ပွားဖြန့်ဝေ ပေးနိုင်စေရန်နှင့် စိုက်ပျိုးထုတ်လုပ်သူများ၏ လူမှု စီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များ စိုက်ပျိုး ထုတ်လုပ်ခြင်းမှ နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်စေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ အကဲဖြတ် နာယကများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ် ပေးသည်။

ထို့နောက် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေက အဖွင့်အမှာစကား ပြောကြားပြီး တိုင်းမှူး၊ အစိုးရအဖွဲ့ဝင်များနှင့် ဧည့်သည်တော်များသည် ပြပွဲ၊ ပြိုင်ပွဲဝင် ဟင်းသီး ဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမန်များနှင့် မြေယာရှုခင်း များကို ကြည့်ရှုအားပေးကြသည်။

မွန်းလွဲပိုင်းတွင် မြေပဒေသာကျွန်းရှိ Western Park ၌ ဆုချီးမြှင့်ပွဲအခမ်းအနားကို ကျင်းပရာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အမျိုးအစား ၂၄ မျိုးမှ ဆုရရှိသူ များကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများက ဆုများပေးအပ် ချီးမြှင့်ကြသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - ကနူး**

**စောစောအိပ်လို့ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့**

# ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၈၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် တစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂-၁-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၈၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၈၂၅,၅၃၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၆၈၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၃၀၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၄၈)ရက်ဆက်တိုက် (၁)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal)နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုပ်ပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုပ်ပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

# ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှု အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၂**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှဆက်စစ်ဖြစ်ထွန်းမှု စောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ မြို့ကြီး ၄၁ မြို့ရှိ မိုးလေဝသနှင့်ဇလဗေဒစခန်း ၄၁ခု (ပုံ-၁)တွင် ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေကို သိရှိရန် မိုးရေ၏ pH တန်ဖိုးများ တိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။

မိုးရေများ၏ pH တန်ဖိုးများကို တိုင်းတာသည့်စခန်း ၄၁ ခုအနက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း မြစ်ကြီးနား၊ ပူတာအို၊ ဗန်းမော်၊ ကျိုင်းတုံ၊ ကသာ၊ ရန်ကုန်(ကမ္ဘာအေး)၊ လှိုင်ကော်၊ စစ်တွေ၊ သံတွဲ၊ ပြည်၊ ပဲခူး၊ ပုသိမ်၊ မအူပင်၊ မော်လမြိုင်၊ ရေး၊ ဘားအံ၊ ကော့ကရိတ်၊ မြိတ်နှင့် ကော့သောင်းစခန်းတို့တွင် မိုးရွာသွန်းခဲ့ပါသည်။ မိုးရေနမူနာရရှိခဲ့သည့် အထက်ဖော်ပြပါစခန်း ၁၉ စခန်းအနက် ၁၅ စခန်းတို့တွင် ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး (6.5 – 8.5) အတွင်းတွင်ရှိပြီး၊ ဗန်းမော်၊ ကော့ကရိတ်၊ မြိတ်နှင့် ကော့သောင်းစခန်းများတွင် ရွာသွန်းခဲ့သောမိုးရေ၏ pH တန်ဖိုးများသည် ပုံမှန်မိုးရေ (Normal Rain) ဟု သတ်မှတ်ထားသည့် pH တန်ဖိုး (5.6 – 6.4) အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း မိုးရေနမူနာ တိုင်းတာရရှိခဲ့သည့် ၁၉ စခန်း၌ ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း သုံးသပ်ရပါသည်။ (ပုံ-၂)




ပုံ(၁)

ပုံ (၂)၊ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများ၏ pH တန်ဖိုးများပြပုံ




**၂၀၂၂ ခုနှစ် ဒီဇင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ PH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မြစ်ကြီးနား | ၆.၆ |
| ၂ | ပူတာအို | ၆.၇ |
| ၃ | ဗန်းမော် | ၆.၃ |
| ၄ | ကျိုင်းတုံ | ၆.၆ |
| ၅ | ကသာ | ၆.၅ |
| ၆ | ရန်ကုန်(ကမ္ဘာအေး) | ၆.၅ |
| ၇ | လှိုင်ကော် | ၆.၈ |
| ၈ | စစ်တွေ | ၇.၀ |
| ၉ | သံတွဲ | ၇.၁ |
| ၁၀ | ပြည် | ၆.၉ |
| ၁၁ | ပဲခူး | ၆.၅ |
| ၁၂ | ပုသိမ် | ၇.၀ |
| ၁၃ | မအူပင် | ၆.၇ |
| ၁၄ | မော်လမြိုင် | ၆.၇ |
| ၁၅ | ရေး | ၇.၂ |
| ၁၆ | ဘားအံ | ၆.၇ |
| ၁၇ | ကော့ကရိတ် | ၆.၃ |
| ၁၈ | မြိတ် | ၆.၂ |
| ၁၉ | ကော့သောင်း | ၆.၃ |

# တရုတ်နိုင်ငံ၏ နယ်စပ်ဒေသများ ပြန်လည်ဖွင့်လှစ်မည့်အစီအစဉ်က ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့်ခရီးသွားလုပ်ငန်းကို အထောက်အကူပြု

**ဖနောင်ပင် ဇန်နဝါရီ ၂**

တရုတ်နိုင်ငံ၏ နယ်စပ်ဒေသများကို ပြန်လည်ဖွင့်လှစ်မည့် အစီအစဉ်သည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးနှင့် ခရီးသွားလုပ်ငန်းကို အထောက်အကူပြုကြောင်း ကမ္ဘောဒီးယားဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

တရုတ်နိုင်ငံမှ ခရီးသည်များ ကမ္ဘောဒီးယားနိုင်ငံသို့ လာရောက်လည်ပတ်မည်ဆိုပါက လှိုက်လှဲစွာကြိုဆိုမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံက ၎င်း၏နယ်စပ်ဒေသများကို ဇန်နဝါရီ ၈ ရက်တွင် ပြန်လည်ဖွင့်လှစ်ရန်စီစဉ်ထားကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် တရုတ်နိုင်ငံမှ ခရီးသည်များအတွက် အကျော်ကြားဆုံး အပန်းဖြေနေရာဖြစ်ကြောင်း တရုတ်နိုင်ငံမှ အထောက်အပံ့ဖြင့် တည်ဆောက်သည့် မဲခေါင်မြစ်ကူး တံတား အုတ်မြစ်ချပွဲတွင် ၎င်းက ပြောကြားသည်။

တရုတ်နိုင်ငံအနေဖြင့် နယ်စပ်ဒေသများအား ပြန်လည်ဖွင့်လှစ်မည့်အချိန်တွင် လေကြောင်းခရီးစဉ်များ များပြားလာမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်း ကမ္ဘောဒီးယားနိုင်ငံသို့ တရုတ်ခရီးသည် နှစ်သန်းခန့် ဝင်ရောက်လာနိုင်သည်ဟု ၎င်းက ပြောကြားသည်။

ခရီးသွားလုပ်ငန်းသည် ကမ္ဘောဒီးယားနိုင်ငံ၏ စီးပွားရေးကို အထောက်အကူပြုသည့် လုပ်ငန်းများအနက် တစ်ခုအပါအဝင်ဖြစ်သည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်အတွင်းက နိုင်ငံအတွင်းသို့ တရုတ်ခရီးသည် ၂ ဒသမ ၃၆ သန်းအပါအဝင် နိုင်ငံတကာမှ ခရီးသည် ၆ ဒသမ ၆ သန်း လာရောက်ခဲ့ပြီး ခရီးသွားလုပ်ငန်းမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၄ ဒသမ ၉၂ ဘီလီယံရရှိခဲ့ကြောင်း သိရသည်။

ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းဝင် နေရာသုံးခုအတွက် ကျော်ကြားပြီး ၎င်းတို့မှာ ဆီရမ်ရိပ်ပြည်နယ်ရှိ အန်ကောရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ ပရာဗီဟီးယားပြည်နယ်ရှိ ပရာဗီဟီးယား ဘုရားကျောင်းတော်နှင့် ကမ်ပေါင်သွန်ပြည်နယ်ရှိ Sambor Prei Kuk ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတို့ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# ၂၀၂၂ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွားဝင်ရောက်မှု သိသိသာသာမြင့်တက်

**ဟန္နိုင်း ဇန်နဝါရီ ၂**

၂၀၂၂ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ နိုင်ငံတကာခရီးသွား ဝင်ရောက်မှုသည် ၃ ဒသမ ၇ သန်း နီးပါးရှိခဲ့ခြင်းကြောင့် ယမန်နှစ်နှင့် နှိုင်းယှဉ်ပါက ၂၃ ဒသမ ၃ ဆ မြင့်တက်ခဲ့ခြင်းကြောင့် နိုင်ငံခြားသား ခရီးသွားဝင်ရောက်မှုသိသိသာသာမြင့်တက်မှု ရှိခဲ့ကြောင်း၊ သို့ရာတွင် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ်အတွင်းကထက် အနည်းငယ်လျော့ကျမှု ရှိခဲ့ကြောင်း ဗီယက်နမ်နိုင်ငံ၏ အထွေထွေ စာရင်းအင်းရုံးက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားသည်။



၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ ကာလအတွင်း ဗီယက်နမ်နိုင်ငံသို့ လေကြောင်းခရီးဖြင့် လာရောက်သည့် နိုင်ငံခြားသား ခရီးသွားအရေအတွက်သည် ၃ ဒသမ ၃ သန်းနီးပါးရှိပြီး အဆိုပါအရေအတွက်သည် နိုင်ငံအတွင်း ဝင်ရောက်လာသည့် နိုင်ငံတကာ ခရီးသွားစုစုပေါင်း၏ ၈၉ ဒသမ ၅ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံသို့ အာရှဒေသမှ နိုင်ငံခြားသား ခရီးသွားဧည့်သည် ၂ ဒသမ ၆ သန်း ဝင်ရောက်ခဲ့ခြင်းကြောင့် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၉ ဒသမ ၅ ဆမြင့်တက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ဗီယက်နမ်နိုင်ငံသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွား အရေအတွက်သည် ဥရောပမှ ၃၁ ဒသမ ၈ ဆ၊ အမေရိကမှ ၆၇ ဒသမ ၆ ဆ အသီးသီးမြင့်တက်မှုရှိခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၁၉ ခုနှစ်အတွင်းက နိုင်ငံခြားသား ခရီးသွားဧည့်သည်အရေအတွက် ၁၈ သန်းကျော်အထိ စံချိန်တင်မြင့်တက်မှုရှိခဲ့ကြောင်းလည်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ယခု ၂၀၂၃ ခုနှစ်အတွင်း နိုင်ငံခြားသား ခရီးသွားဧည့်သည် ရှစ်သန်းကျော် ဝင်ရောက်ရန် မျှော်လင့်လျက်ရှိကြောင်း ဗီယက်နမ်နိုင်ငံ အမျိုးသား ခရီးသွားလုပ်ငန်းစီမံခန့်ခွဲမှုဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

■

# မလေးရှားနိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေးကဏ္ဍ တိုးတက်လာစေရေးအတွက် တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားမည်

**ကွာလာလမ်ပူ ဇန်နဝါရီ ၂**

မလေးရှားနိုင်ငံ၏ လျှပ်စစ်ကားထုတ်လုပ်ရေးကဏ္ဍတိုးတက်လာစေရေးအတွက် တရုတ်နိုင်ငံမှ ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်သွားရန်ဆောင်ရွက်နေကြောင်း မလေးရှားသယ်ယူပို့ဆောင်ရေးဝန်ကြီး အန်တိုနီ လိုကီဆီဖောင်က ပြောကြားသည်။

မလေးရှားနိုင်ငံအတွင်း လျှပ်စစ်ကားထုတ်လုပ်ရေးအတွက် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပြီး ထိုသို့ လျှပ်စစ်ကားထုတ်လုပ်ရေးအတွက် နည်းပညာနှင့် ကျွမ်းကျင်မှုများရှိလာစေရေးအတွက် မလေးရှားအစိုးရက ကုမ္ပဏီများအား ပံ့ပိုးပေးနေကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံအတွင်းရှိ အများပြည်သူပိုင်နှင့် နိုင်ငံသားတစ်ဦးချင်းစီ၏ ခရီးသွားလာမှုများ လွယ်ကူစေရေးအတွက် လျှပ်စစ်ကားများသည် အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ပြီး ထိုကဲ့သို့ လျှပ်စစ်ကားများ ထုတ်လုပ်နိုင်ရေးအတွက် မလေးရှားနိုင်ငံကိုယ်တိုင်က ပြင်ဆင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိ အချိန်တွင် မလေးရှားနိုင်ငံအတွင်း အခြေစိုက်၍ လျှပ်စစ်ကားဘက်ထရီထုတ်လုပ်မည့် ကုမ္ပဏီများအတွက် ဆုကြေးငွေ ပေးအပ်မည့်အစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းဆောင်ရွက်ရေးအတွက် တရုတ်နိုင်ငံမှ ကုမ္ပဏီများက စိတ်ဝင်စားလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ မလေးရှားအစိုးရသည် နိုင်ငံအတွင်း လျှပ်စစ်ကားနှင့် ၎င်းနှင့်သက်ဆိုင်သည့် အစိတ်အပိုင်းများထုတ်လုပ်ရေးကဏ္ဍများကို မြှင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားရေး မြှင့်တင်ရေးအတွက် ဆောင်ရွက်နေကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ၂၀၂၂ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ အလုပ်သမား ၁၀၀၀ ကျော်သေဆုံးခဲ့

**ဒါကာ ဇန်နဝါရီ ၂**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း လုပ်ငန်းခွင် မတော်တဆမှု၊ လုပ်ငန်းခွင်အကြမ်းဖက်မှု၊ ယာဉ်မတော်တဆမှုနှင့် အလုပ်သမားအခွင့်အရေးချိုးဖောက်မှုတို့ကြောင့် အနည်းဆုံးအလုပ်သမား ၁၀၇၄ ဦးသေဆုံးခဲ့ပြီး ၁၀၃၇ ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်သမားသေဆုံးမှုနှင့် ဒဏ်ရာရရှိမှုအချက်အလက်များမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အလုပ်သမားအရေးဆိုင်ရာ လေ့လာရေးဌာနက ထုတ်ပြန်သည့်ထုတ်ပြန်ချက်အရ သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ လုပ်ငန်းခွင်အတွင်း သေဆုံးသူများအနက် သယ်ယူပို့ဆောင်ရေးလုပ်ငန်းမှ ၄၉၉ ဦးဖြင့် အများဆုံးဖြစ်ပြီး ၎င်းနောက်တွင် ဆောက်လုပ်ရေးကဏ္ဍမှ ၁၁၈ ဦးနှင့် လယ်ယာလုပ်ငန်းခွင်မှ ၁၁၂ ဦးဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ အလုပ်သမားအရေးဆိုင်ရာ လေ့လာရေးဌာန၏ ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်သည် လုပ်ငန်းခွင်၌ အလုပ်သမားသေဆုံးသူ အရေအတွက် အနည်းငယ်လျော့ကျခဲ့ပြီး ၂၀၂၁ ခုနှစ်အတွင်းက လုပ်ငန်းခွင်၌ သေဆုံးသူအလုပ်သမား ၁၀၅၃ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**



ပြီးခဲ့သည့်နှစ် ဧပြီလအတွင်းက ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆာဗာမြို့ရှိ ရာနာပလာဇာ စက်ရုံပြိုကျမှုဖြစ်ပွားရာမှ ဒဏ်ရာရအလုပ်သမားများအား မီးသတ်တပ်ဖွဲ့ဝင်များက ကူညီကယ်ဆယ်ရေးဆောင်ရွက်နေစဉ်။

# အသိပေးနှိုးဆော်ချက်

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အခမ်းအနားကို ၄-၁-၂၀၂၃ ရက်နေ့ နံနက် ၄ နာရီ မိနစ် ၂၀ အချိန်တွင် ပြည်သူ့ရင်ပြင်၌ ကျင်းပပြုလုပ်မည်ဖြစ်ရာ အခမ်းအနားကျင်းပစဉ်အတွင်း ပြည်လမ်းကို ခေတ္တပိတ်ထားမည်ဖြစ်သဖြင့် ပြည်လမ်းအတိုင်း မြောက်မှတောင်ဘက်သို့ မောင်းနှင်လာသောယာဉ်များသည် မြေနီကုန်းမီးပွိုင့်တွင် ညာဘက်သို့ချိုးကွေ့၍ အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း၊ ပြည်လမ်းအတိုင်း တောင်မှမြောက်သို့ မောင်းနှင်လာသော ယာဉ်များသည် ပြည်ထောင်စုရိပ်သာလမ်းဘက်သို့ ချိုးကွေ့၍ ဗဟိုလမ်း၊ အလုံလမ်းမှတစ်ဆင့် အောက်ကြည့်မြင်တိုင်လမ်းသို့လည်းကောင်း ပြောင်းလဲမောင်းနှင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## အသက်မပြည့်သေးသည့် အမျိုးသားတစ်ဦးအား အဓမ္မလုပ်အားခိုင်းစေ၍ ညှဉ်းပန်းနှိပ်စက်သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇန်နဝါရီ ၂

အသက်မပြည့်သေးသည့် အမျိုးသားတစ်ဦးအား အဓမ္မလုပ်အားခိုင်းစေ၍ ညှဉ်းပန်းနှိပ်စက်သူကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် ကွန်ဒိုင်းကျေးရွာနေ ရေလုပ်ငန်းရှင် ဦးမောင်မောင်ကြည်က စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နေ မောင် ---- ၁၄ နှစ်ကို ငါးဖမ်းစက်လှေပေါ်တွင် အဓမ္မလုပ်အားခိုင်းစေခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ခဲ့သဖြင့် ကျုံကဒွန်းနယ်မြေရဲစခန်း (ပ) ၁၃၁/ ၂၀၁၉ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အမှုရေးဖွင့်ခဲ့ပြီး ဖျာပုံခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၃၁ ရက်တွင် တရားခံ ဦးမောင်မောင်ကြည်ကို လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၀ နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်



စိုင်းဆန်ခေးနှင့် စိုင်းလှိုင်းပန်တို့အား သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း)များနှင့်အတူ တွေ့ရစဉ်။

## တာချီလိတ်မြို့နယ်၌ ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း) ၁ ဒသမ ၃၅ တန် သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၁၀၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း) ၁ ဒသမ ၃၅ တန် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ၂၈ ရက် မွန်းတည့် ၁၂ နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် မယ်ယန်း ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် တာချီလိတ်မှ ကျိုင်းတုံဘက်သို့ စိုင်းဆန်ခေး မောင်းနှင်ပြီး စိုင်းလှိုင်းပန် လိုက်ပါလာသည့် Nissan ၁၂ ဘီး မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ အုတ်ကြွပ်အမိုးပြားများဖြင့် ဖုံးအုပ်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုးငွေကျပ် သိန်း ၁၀၀၀ ကျော် တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း) ၁ ဒသမ ၃၅ တန်၊ မွှေစက်အကြီး နှစ်လုံးနှင့် အသေးနှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း)များအား မဲခေါင်မြစ်ကြောင်းမှတစ်ဆင့် တာချီလိတ်မြို့နယ်သို့ရောက်ရှိပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) ကွန်ဟိန်းမြို့နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် ကျွန်းသစ်၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၂

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၃၁ ရက်တွင် ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် လားရှိုးမြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံး အဖွဲ့ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လားရှိုးမြို့ရှောင်လမ်း ရွှေညောင်ပင်အနီးတွင် မူဆယ်မြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော ယာဉ်နှစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အဝတ်အထည်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၇၆၈၄၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် ယာဉ်နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၇၆၈၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီးအတွင်း၌ ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့ပြင် ဇန်နဝါရီ ၁ ရက်တွင် ချင်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဖလမ်းမြို့နယ်၊ မင်းတပ်မြို့နယ်၊ တွန်းဇံမြို့နယ်နှင့် ပလက်ဝမြို့နယ်တို့အတွင်း တရားမဝင် ချက်အရက်နှင့် ဘီယာများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၉၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ချင်းဝိသေသတိုင်းအက်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင် ရေတာရှည်မြို့နယ်အတွင်း၌ တရားမဝင် ကျွန်းခွဲသား ၁ ဒသမ ဝ၆၄၄ တန် (ခန့်မှန်းတန်ဖိုးငွေ ၄၆၄၉၀၄ ကျပ်)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၃၁ ရက်နှင့် ဇန်နဝါရီ ၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေ ၅၈၄၀၂၃၀၄ ကျပ် ) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင်FM၏ "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်မှ **"ဒီးဒုတ်ခင်ကျေးရွာ လူသတ်မှု"** ခေါင်းစဉ်ဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"KNLA အဖွဲ့ဝင်အချို့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက Drop Bomb များ ကြဲချဖောက်ခွဲ၍"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။ ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

■

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ လျော့နည်းနေမည်။

မိုး/ဇလ

# ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ရောင်းချ

နေပြည်တော် ဇန်နဝါရီ ၂

ဒေသတွင်းစားနပ်ရိက္ခာဖူလုံရေး၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားသောက်ရေးအထောက်အကူဖြစ်စေရန်ရည်ရွယ်၍ တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ မြို့နယ်အသီးသီး၌ နယ်မြေခံတပ်မတော်သားများက တန်ဖိုးသင့်ထမင်းဟင်းများ၊ ဟင်းသီးဟင်းရွက်များနှင့် တပ်မတော်စက်ရုံထုတ် အသား၊ ငါးဘူးများနှင့် စားသောက်ကုန်ပစ္စည်းများကို ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် သုံးမြို့နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နှင့် နမ့်စန်မြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နှင့် ကျောက်ထနောင်းမြို့၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် အမ်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်နှင့် စဉ့်ကူးမြို့၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက တပ်ပိုင်နှင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းနှင့် ဘက်စုံစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများမှထွက်ရှိသည့် ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကွတ်နှင့် စည်သွပ်ဘူးများ စသည့်စားသောက်ကုန်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုအပေါ် ကန့်ကွက်ရှုတ်ချကြောင်း ဆန္ဒထုတ်ဖော်

နေပြည်တော် ဇန်နဝါရီ ၂

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ဒီဇင်ဘာ ၂၁ ရက်တွင် ကျင်းပခဲ့သည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီအစည်းအဝေး၌ မြန်မာနိုင်ငံဆိုင်ရာ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို မဲခွဲချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ မြန်မာနိုင်ငံဆိုင်ရာ ဆုံးဖြတ်ချက်အဆိုနှင့်ပတ်သက်၍ ကန့်ကွက်ရှုတ်ချဆန္ဒထုတ်ဖော်ပွဲကို ယနေ့နံနက်ပိုင်းတွင် မွန်ပြည်နယ် မော်လမြိုင်မြို့ ဘိုကုန်းရပ်ကွက် သံလွင်ဥယျာဉ်ပန်းခြံ၌ ဒေသခံပြည်သူများစုပေါင်း၍ ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ တစ်ဖက်သတ်ဆုံးဖြတ်ချက်များအား ဆန့်ကျင်ကြ၊ မြန်မာ့အရေးကို မြန်မာနိုင်ငံကသာဖြေရှင်းရေး ဒို့အရေး၊ အကြမ်းဖက်အားပေး ပြည်ပနိုင်ငံများအလိုမရှိ၊ အကြမ်းဖက် NUG၊ CRPH၊ PDF အလိုမရှိ၊ အပြစ်မဲ့ပြည်သူများကို အကြမ်းဖက်သတ်ဖြတ်နေမှုအား ချက်ချင်းရပ်၊ ရဟန်းသံဃာနှင့် နိုင်ငံ့ဝန်ထမ်းများအား အကြမ်းဖက်သတ်ဖြတ်နေမှုများ ချက်ချင်းရပ် စသည့်ကြွေးကြော်သံများဖြင့် ကြွေးကြော်၍ ပိုစတာများနှင့် ဆိုင်းဘုတ်များကိုင်ဆောင်ကာ ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် စတေကာကပ်လှုပ်ရှားမှုဆောင်ရွက်

ကျောက်တံခါး ဇန်နဝါရီ ၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် စတေကာကပ် လှုပ်ရှားမှုကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်စည်ပင်သာယာခန်းမရှေ့ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ဗိုလ်ချုပ်လမ်းဆုံမီးပွိုင့်၊ အလယ်ခင်ကျေးရွာစစ်ဆေးရေးဂိတ်တို့တွင် ဆောင်ရွက်ခဲ့ကြသည်။

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် စတေကာကပ် လှုပ်ရှားမှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းဦး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်နိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းမင်းလတ်နှင့် ဌာနဆိုင်ရာတို့က မြို့နယ်စည်ပင်သာယာခန်းမရှေ့ ရန်ကုန်-မန္တလေးလမ်းဟောင်းနှင့် ဗိုလ်ချုပ်လမ်းဆုံမီးပွိုင့်၊ အလယ်ခင်ကျေးရွာစစ်ဆေးရေးဂိတ်တို့တွင် သွားလာလျက်ရှိသော ခရီးသွားမော်တော်ကားများ၊ မော်တော်ဆိုင်ကယ်များအား (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် စတေကာများကပ်ပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တောင်ငူမြို့၌ ဌာနဆိုင်ရာပြခန်းများ၊ အားကစားပြိုင်ပွဲများနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ ကျင်းပ

တောင်ငူ ဇန်နဝါရီ ၂

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများ၊ အားကစားပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ မိုင်ဒါကွင်း၌ ကျင်းပသည်။

**ရှင်းလင်းတင်ပြ**

ရှေးဦးစွာ ပွဲတော်ကျင်းပရေး ဆောင်ရွက်မှုအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်က ရှင်းလင်းတင်ပြသည်။ ထို့နောက် အခမ်းအနားကို တောင်ငူတပ်နယ်မှူး ဗိုလ်မှူးကြီးသန်းနိုင်ညွန့်၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းချွန်၊ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလှိုင်၊ တောင်ငူမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့် မြို့မိမြို့ဖ ဦးမြင့်ညိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။



ထို့နောက် တောင်ငူတပ်နယ်မှူး ဗိုလ်မှူးကြီး သန်းနိုင်ညွန့်က (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများ၊ အားကစားပြိုင်ပွဲများနှင့် ဈေးရောင်းပွဲတော်အား လှည့်လည်ကြည့်ရှုသည်။

အဆိုပါ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဌာနဆိုင်ရာပြခန်းများ၊ အားကစားပြိုင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဇန်နဝါရီ ၂ ရက်မှ ၅ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မော်ဘီမြို့၌ ပိုက်ကျော်ခြင်းနှင့် စားပွဲတင် တင်းနစ်အားကစားပြိုင်ပွဲဖွင့်ပွဲ ကျင်းပ

မော်ဘီ ဇန်နဝါရီ ၂

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပိုက်ကျော်ခြင်းနှင့် စားပွဲတင်တင်းနစ်အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၁၀နာရီက မော်ဘီမြို့နယ်အားကစားခန်းမ၌ ကျင်းပသည်။

မော်ဘီမြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးအောင်ကြည်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် (၂) ဦးဝင်းစိုးက ပြိုင်ပွဲပြုလုပ်ရခြင်း၏ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသိန်းလင်းအောင်က ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများအားဖတ်ကြားခဲ့ပြီး ပိုက်ကျော်ခြင်း ပြိုင်ပွဲဝင်အသင်း ငါးသင်းနှင့် စားပွဲတင်တင်းနစ် ပြိုင်ပွဲဝင် အားကစားသမား ၁၂ ဦးတို့က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြသည်။



အဆိုပါပြိုင်ပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများ တက်ရောက်ခဲ့ကြပြီး ညနေ ၄ နာရီတွင် ပြိုင်ပွဲများ၌ ဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁-၁-၂၀၂၃ ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၂၆) တွင်ပါရှိသည့် "(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်လှစ်" အစား "(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောက်တံခါးမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်လှစ်" ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

မြို့နယ်(ပြန်/ဆက်)

သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# မူဆယ်နယ်စပ်မြို့၌ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို နိုင်ငံတော်အလံများ မြို့အနှံ့လွှင့်ထူ

မူဆယ် ဇန်နဝါရီ ၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့သည် တရုတ်ကုန်သွယ်ရေး နယ်စပ်မြို့ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်မည့်



(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မူဆယ်မြို့အဝင်မှစ၍ တစ်ဖက်နိုင်ငံမျက်နှာစာ မန့်ဝိန်းဂိတ်အကျော် အထိ နိုင်ငံတော်အလံများကို ပြည်ထောင်စုလမ်းမကြီး၏ လမ်းဘေးဝဲ/ယာတစ်လျှောက်နှင့် မြို့တွင်းလမ်းဘေးအနှံ့ စီတန်း၍ စနစ်တကျစိုက်ထူထားသည်။

အဆိုပါနိုင်ငံတော်အလံများကို မြို့နယ်စည်ပင်သာယာရေးဦးစီးဌာနမှ ဝန်ထမ်းများက ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ စိုက်ထူခဲ့ပြီး ပြည်ထောင်စုအမွေအနှစ်များ ရေရှည်တည်တံ့စေရေးအတွက် လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်နိုင်ရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တောင့်တင်းခိုင်မာသည့် နိုင်ငံတော်သစ်တစ်ရပ်အဖြစ် လွတ်လပ်ရေးနေ့ကို အစဉ်အောက်မေ့ သတိတရရှိစေရေးတို့အတွက် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်ပြီး (၇၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို စည်ကားသိုက်မြိုက်စွာကျင်းပရန် ကြိုတင်ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

အယ်လ်စိုး(မူဆယ်)



# အလွတ်တန်းဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

သပိတ်ကျင်း ဇန်နဝါရီ ၂

( ၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် မြို့နယ်စီမံအုပ်ချုပ်ရေးဖလား အလွတ်တန်းဘော်လီဘောပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် သပိတ်ကျင်းမြို့နယ် ဝါးဖြူတောင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်း၌ ကျင်းပသည်။

## ဆုများချီးမြှင့်

အဆိုပါပြိုင်ပွဲတွင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ဝါးဖြူတောင်ကျေးရွာ၊ လမ်းလယ်ကျစ်ကျေးရွာ၊( ၇)မိုင်ကျေးရွာ၊ ဇရပ်ကွင်းကျေးရွာ၊ ညောင်ပင်သာကျေးရွာ၊ ကျောက်လှည်ဘီးကျေးရွာ၊ ကြာညှပ်ကျေးရွာ (က)၊(ခ)၊ ဘော်လီဘောအသင်းများ ပါဝင်ယှဉ်ပြိုင်ကြသည်။

ဆုချီးမြှင့်ပွဲတွင် ပထမဆုရရှိသည့် ကြာညှပ်ကျေးရွာ(က)အသင်း၊ ဒုတိယဆုရ ဇရပ်ကွင်းအသင်း၊ တတိယဆုရ ကြာညှပ်ကျေးရွာ(ခ) အသင်းတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထိုက်အောင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ငပုတောမြို့၌ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

ငပုတော ဇန်နဝါရီ ၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့၌(၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ရပ်ကွက်/ကျေးရွာ ဌာနဆိုင်ရာ ပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲနှင့် ပိုက်ကျော်ခြင်း အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက မြို့နယ်ပမ္မဝတီပြည်သူ့အားကစားကွင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်အသင်းများက သစ္စာအဓိဋ္ဌာန် ရွတ်ဆို၍ အလေးပြုကြသည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်သည်။

ဖွင့်ပွဲ ပထမပွဲစဉ်အဖြစ် အမျိုးသား ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် Ngaputaw City အသင်းနှင့် Ngaputaw FC အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

## ကျင်းပပေးလျက်ရှိ

ငပုတောမြို့နယ် အတွင်းရှိ



အခြေခံပညာကျောင်းများတွင် (၇၅)နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စာစီစာကုံး ပြိုင်ပွဲများ၊ ကာတွန်း၊ ပန်းချီ ပိုစတာနှင့် နံရံကပ်စာစောင်ပြိုင်ပွဲများနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများတွင်လည်း အားကစားပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃-၁-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၆၀ | ၂၁၀၅ | ၂၁၀၀ | ၂၀၇၀ | ၂၁၀၅ | ၂၁၂၅ | ၂၁၁၅ | ၂၀၉၀ | ၂၁၈၅ | ၂၂၀၀ | ၂၀၉၅ | ၂၁၀၅ | ၂၁၄၀ | ၂၁၄၀ | ၂၁၄၅ | ၂၃၆၅ | ၂၇၆၀ |
| 95 Ron | ၂၁၂၀ | ၂၁၇၀ | ၂၁၆၅ | ၂၁၃၀ | ၂၁၆၅ | ၂၁၉၀ | ၂၁၇၅ | ၂၁၅၀ | ၂၂၄၅ | ၂၂၆၀ | ၂၁၆၀ | ၂၁၇၅ | ၂၂၀၀ | ၂၂၀၅ | ၂၂၀၅ | ၂၄၂၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၅၅ | ၂၄၀၅ | ၂၄၀၀ | ၂၃၆၅ | ၂၄၀၀ | ၂၄၂၅ | ၂၄၂၀ | ၂၃၉၀ | ၂၅၀၅ | ၂၅၀၀ | ၂၃၉၅ | ၂၄၀၅ | ၂၄၄၀ | ၂၄၄၀ | ၂၄၄၀ | ၂၆၆၀ | ၃၄၈၅ |
| HSD (50 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |
| HSD (10 ppm) | ၂၄၃၅ | ၂၄၈၅ | ၂၄၈၀ | ၂၄၄၅ | ၂၄၈၀ | ၂၅၀၅ | ၂၅၀၀ | ၂၄၇၀ | ၂၅၈၅ | ၂၅၈၀ | ၂၄၇၅ | ၂၄၈၅ | ၂၅၂၀ | ၂၅၂၀ | ၂၅၂၀ | ၂၇၄၀ | ၃၅၁၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၆၀ | ၂၀၃၂ |
| 95 Ron | ၂၀၁၉ | ၂၀၉၃ |
| HSD (500 ppm) | ၂၂၅၂ | ၂၃၂၇ |
| HSD (50 ppm) | ၂၃၂၈ | ၂၄၀၂ |
| HSD (10 ppm) | ၂၃၂၈ | ၂၄၀၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့ရှိ ချက်စတာဘက်တီ စာကြည့်တိုက်ထဲက ပုဂံမင်းပုရပိုက်

ဒေါက်တာနန္ဒာမှုန်း၊ ညွှန်ကြားရေးမှူးချုပ် (ငြိမ်း)၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန



**တွေ့ရှိရာအစ**
**အိုင်ယာလန်စာတမ်းဖတ်ပွဲက**

အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့ရှိ ဒပ်ဘလင်တက္ကသိုလ်က ကြီးမှူး၍ အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနပညာရှင်များဆိုင်ရာ ဥရောပအသင်း၏ (၁၄) ကြိမ်မြောက် နိုင်ငံတကာစာတမ်းဖတ်ပွဲ (European Association of Southeast Asian Archaeologists $14^{th}$ International Conference EurASEAA14)ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၈-၂၁ ရက်နေ့အထိ ကျင်းပခဲ့ရာသို့ သမိုင်းသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေဖြင့် သုတေသနစာတမ်းတစ်စောင် သွားရောက် ဖတ်ကြားခဲ့ပါသည်။ မိမိစာတမ်းမှာ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာန သုံးခုနှင့် သုတေသနဆောင်ရွက်နေကြသော လုပ်ငန်းများအပေါ် လေ့လာသုံးသပ်သော စာတမ်းဖြစ်ပါသည်။ ဖတ်ကြားရသော ဒပ်ဘလင်တက္ကသိုလ်ကလည်း ဒပ်ဘလင်နန်းတော်ဟောင်းနေရာတွင် ပင်ဖြစ်ပါသည်။ အိုင်ယာလန်နိုင်ငံသံရုံး မရှိသောကြောင့် ပြည်ဝင်ခွင့်ဗီဇာရရှိရေးအတွက် ထိုင်းနိုင်ငံ ဘန်ကောက်သို့ နိုင်ငံကူးလက်မှတ် ပေးပို့ယူရခြင်း၊ transit ပြုလုပ်ရန် ဗြိတိသျှသံရုံးတွင် ဗီဇာလျှောက်ထားရခြင်းများကို အဆင့်ဆင့်ဆောင်ရွက်ခဲ့ရပါသည်။

ရှေးဟောင်းသုတေသန ပညာရှင်များဆိုင်ရာ ဥရောပအသင်း၏ နိုင်ငံတကာစာတမ်းဖတ်ပွဲမှာ နှစ်နှစ်တစ်ကြိမ် ဥရောပနိုင်ငံများတွင် အလှည့်ကျကျင်းပလေ့ရှိသော စာတမ်းဖတ်ပွဲဖြစ်ပြီး အာရှတိုက်မှ ပညာရှင်အများစု၏ လေ့လာတွေ့ရှိချက်နှင့် ပတ်သက်သော စာတမ်းများကို ဦးစားပေးလေ့ရှိပါသည်။ ရှေးဟောင်း သုတေသနပညာရှင်များဆိုင်ရာဟုဆိုသော်လည်း အတွေးအခေါ်ပညာရှင်များ၊ လူမျိုးနှင့် ယဉ်ကျေးမှုသရုပ်ခွဲမှုဆိုင်ရာ ပညာရှင်များ၊ သမိုင်းဆိုင်ရာ ရှေးဟောင်းသုတေသီများ၊ လူမျိုးများဆိုင်ရာသုတေသီများ၊ ဘာသာစကားဆက်စပ်မှုများကို လေ့လာသော အတွေးအခေါ်ပညာရှင်များ၊ အာရှတိုက်ဆိုင်ရာ အနုပညာများ လေ့လာသူများနှင့် ရှေးဟောင်း သုတေသနပညာရှင်များ၊ EurASEAA အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြပါသည်။

နိုင်ငံတကာဆွေးနွေးပွဲများ ကျင်းပသည့် ကြိုးပမ်းချက်မှာ ဥရောပတိုက်အတွင်း အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနပညာနယ်ပယ်သာမက အရှေ့တောင်အာရှ ပညာရှင်များအကြားပါ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်မှုများတွင် မြှင့်တင်ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ ၂၀၁၂ ခုနှစ် အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနပညာရှင်များဆိုင်ရာ ဥရောပအသင်း၏ (၁၄) ကြိမ်မြောက် နိုင်ငံတကာစာတမ်းဖတ်ပွဲ( European Association of Southeast Asian Archaeologists $14^{th}$ International Conference EurASEAA14) ကို theme နှစ်ခုဖြစ်သော Ancient and Living Traditions နှင့် Material Culture and Heritage တို့ဖြင့် ကျင်းပခဲ့ပါသည်။

**ဒပ်ဘလင်နန်းတော်ဝင်းက**
**ချက်စတာဘက်တီ စာကြည့်တိုက်**

အဆိုပါစာတမ်းဖတ်ပွဲမှာ ကျယ်ဝန်းလှသော ဒပ်ဘလင်နန်းတော်ဟောင်းနေရာတွင်ဖြစ်ပြီး လှပသောပန်းခြံကြီးများကိုပါ ထိန်းသိမ်းထားသောနေရာလည်း ဖြစ်ပါသည်။ အဆိုပါပန်းဥယျာဉ်နှင့်ကပ်လျက်တွင် ရှေးဟောင်းစာကြည့်တိုက်တစ်ခု ဖွင့်လှစ်ထားပါသည်။ အဆိုပါစာကြည့်တိုက် တည်ထောင်သူ Sir Alfred Chester Beatty (1875-1968) ဆိုသူမှာ အမေရိကန်လူမျိုး သတ္တုမိုင်းသူဌေးတစ်ဦးဖြစ်ပြီး အလှူအတန်းရက်ရောသူတစ်ဦး ဖြစ်ပါသည်။ သူသည် စာအုပ်စာပေ၊ ရှေးဟောင်းကျမ်းဂန်များကို စုဆောင်းတတ်သူတစ်ဦးလည်း ဖြစ်ပါသည်။ ကမ္ဘာအနှံ့ရောက်ရှိသည့်နေရာတိုင်းတွင် စာပေအမျိုးမျိုးကို စုဆောင်းတတ်သူ ဖြစ်ပါသည်။ အိုင်ယာလန်နိုင်ငံ ဒပ်ဘလင်မြို့တွင် စာကြည့်တိုက်တစ်ခုကို ၁၉၅၀ပြည့်နှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ချက်စတာဘက်တီ စာကြည့်တိုက်အဖြစ် အသိများကြပါသည်။ မူလက ပြတိုက်နှင့် စာကြည့်တိုက်အဖြစ် ရည်ရွယ်ဖွင့်လှစ်ခဲ့သည်ဟု သိရပါသည်။ စာအုပ်ပေါင်း ၂၅၀၀၀ ခန့်ရှိပြီး အရှေ့အာရှ၊ အစ္စလာမ်နိုင်ငံများ၊ အနောက်နိုင်ငံများနှင့် ပါရှားတို့မှ စာပေအမြောက်အမြားတို့ကို စုဆောင်းထားရှိပါသည်။ သေဆုံးသွားကြသူ အီဂျစ်များအကြောင်းစာအုပ်များသာမက တရုတ်နိုင်ငံ၏ သစ်သားတုံး ပုံနှိပ်ဘလောက်များအထိ လူသားတို့၏ တီထွင်ကြံဆထားချက်များ ကြွယ်ဝစွာ သိမ်းဆည်းစုဆောင်းထားရှိသည်ကို သိရှိရပါသည်။

**ချက်စတာဘက်တီစာကြည့်တိုက်သို့**
**လေ့လာရန် ရောက်ရှိခဲ့မှု**

မိမိတက်ရောက်နေသော အရှေ့တောင်အာရှ ရှေးဟောင်းသုတေသနပညာရှင်များဆိုင်ရာ ဥရောပအသင်း၏ (၁၄) ကြိမ်မြောက် နိုင်ငံတကာစာတမ်းဖတ်ပွဲ ကျင်းပနေစဉ် တစ်ရက်တွင် နေ့လယ်ဘက် နားချိန်တစ်ခု၌ စာတမ်းဖတ်ပွဲတက်ရောက်လာသူ British Museum မှ Curator Ms. Alexandra Green နှင့် SEAMEO SPAFA မှ Director Dr. M.R. Rujaya Abhakorn တို့က Chester Beatty စာကြည့်တိုက်သို့ သွားရောက်ကြမည် ဆိုသောကြောင့် မိမိလည်း စာကြည့်တိုက်မှူးနှင့် မသိသော်လည်း မိတ်ဆက်ကာ သွားရောက်ခဲ့ပါသည်။

စာကြည့်တိုက်အောက်ထပ် မြေညီထပ်တွင် ကော်ဖီဆိုင်နှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်တို့အပြင် ရေကန်ငယ်လေးတစ်ခုနှင့် ရေပန်းများ၊ အခြားခင်းကျင်းပြသထားမှုများကို စိတ်ဝင်စားဖွယ်တွေ့ရှိရပြီး စာကြည့်တိုက်ရှိ အခန်းများ ဖွဲ့စည်းထားပုံကိုပါ ပြသထားပါသည်။ မိမိတို့သွားရောက်လေ့လာရာ Reference Room မှာ အပေါ်ထပ်တွင်ဖြစ်ပြီး အခန်းအဆင့်ဆင့်ကို လျှို့ဝှက်နံပါတ်စနစ်ဖြင့်သာ ဝင်ခွင့်ရသော ခေတ်မီတံခါးများဖြင့် တပ်ဆင်ထားပြီး သတ်မှတ်ထားသူများသာ ဝင်ထွက်နိုင်ပါသည်။ မိမိတို့တွင် ပါလာသော လက်ကိုင်တယ်လီဖုန်းများ၊ ကင်မရာများ လုံးဝ ယူဆောင်ခွင့်မပြုပါ။

စာကြည့်တိုက်မှူးက မိမိကို မြန်မာနိုင်ငံမှ လာရောက်သော အဆင့်မြင့်အရာရှိကြီးတစ်ဦးဖြစ်၍ စာကြည့်တိုက်ပိုင်စာရင်းကို ပြသရာ မြန်မာနှင့်ဆိုင်သော ပုရပိုက်နှစ်ခုရှိကြောင်း တွေ့ရပါသည်။ Catalogue of Burmese Manuscripts နှင့် Pali Burmese Parabeik တို့အနက် Catalogue of Burmese Manuscript အောက်တွင် ဖော်ပြထားသော List of the Queens of Pagan Min ကို ဖတ်ရှုလိုပါကြောင်း ပြော၍ သိမ်းဆည်းထားရာအခန်းမှ အဆင့်ဆင့် ထုပ်ပိုးထားသောပုရပိုက်ကို သတ်မှတ်ထားသော ကြည့်ရှုရန်စားပွဲနေရာပေါ်တွင် တင်ပေးပါသည်။ ပုရပိုက်ကို လက်အိတ်များ စွပ်ပြီးမှသာ ကိုင်တွယ်ကြည့်ရှုရပါသည်။ မှတ်သားလိုသည်များရှိက မှတ်သားရန် စာရွက်နှင့် ခဲတံတစ်ချောင်းချပေးထားပါသည်။

> ❝ရှေးဟောင်းသုတေသန ပညာရှင်များဆိုင်ရာ ဥရောပအသင်း၏ နိုင်ငံတကာစာတမ်းဖတ်ပွဲမှာ နှစ်နှစ်တစ်ကြိမ် ဥရောပနိုင်ငံများတွင် အလှည့်ကျကျင်းပလေ့ရှိသော စာတမ်းဖတ်ပွဲဖြစ်ပြီး အာရှတိုက်မှ ပညာရှင်အများစု၏ လေ့လာတွေ့ရှိချက်နှင့်ပတ်သက်သော စာတမ်းများကို ဦးစားပေးလေ့ရှိပါသည်။ ရှေးဟောင်းသုတေသန ပညာရှင်များဆိုင်ရာဟုဆိုသော်လည်း အတွေးအခေါ်ပညာရှင်များ၊ လူမျိုးနှင့် ယဉ်ကျေးမှု သရုပ်ခွဲမှုဆိုင်ရာ ပညာရှင်များ၊ သမိုင်းဆိုင်ရာ ရှေးဟောင်းသုတေသီများ၊ လူမျိုးများဆိုင်ရာသုတေသီများ၊ ဘာသာစကားဆက်စပ်မှုများကို လေ့လာသော အတွေးအခေါ်ပညာရှင်များ၊ အာရှတိုက်ဆိုင်ရာ အနုပညာများ လေ့လာသူများနှင့် ရှေးဟောင်းသုတေသနပညာရှင်များ၊ EurASEAA အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြ❞

**ရှားပါးပုရပိုက် - ပုဂံမင်း၏ဥကင်တော်ဖွင့်**
**အခမ်းအနားမှတ်တမ်း**

အဆိုပါပုရပိုက်ကို ၁၂၁၈ ခုနှစ် နတ်တော်လဆန်း ၁၄ ရက် (အင်္ဂလိပ်လို ၁၈၄၆ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့) ရေးထိုးထားခဲ့ကြောင်း တွေ့ရှိရပါသည်။ ဗြိတိသျှပြတိုက် စာကြည့်တိုက်က လွှဲပြောင်းရယူခဲ့သည်ဟု သိရပါသည်။ အစအဆုံး ဖတ်ရှုလေ့လာကြည့်ရာ ပုရပိုက်မှာ ပုဂံမင်း၏ မိဖုရားစာရင်း မဟုတ်ပါ၊ **ပုဂံမင်း၏ ဥကင်တော် အခမ်းအနားကျင်းပပုံ**ကို အသေးစိတ်မှတ်တမ်းတင်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

ထိုသို့ ရှင်းပြပြောဆိုသောကြောင့် စာကြည့်တိုက်မှူးက ပုရပိုက်အကြောင်း အကျဉ်းရေးပေးရန် အကူအညီတောင်းခံ၍ မိမိလက်ရေးဖြင့် Royal Obeisance Ceremony of Bagan King ကို အင်္ဂလိပ်လို စာမျက်နှာတစ်မျက်နှာခန့် ရေးသားပြုစုပေးခဲ့ရပါသည်။ စာကြည့်တိုက်က အဆိုပါပြုစုပေးချက်ကို နောင်တွင် အသုံးပြုသွားမည်ဟု သိရပါသည်။ အခါကြီးရက်ကြီးများနှင့် ဝါဝင်ဝါထွက်တို့တွင် နေ့၊ ရက်၊ အချိန် သတ်မှတ်ပြီး နန်းတက်သည့်ဘုရင်ကို ကန်တော့ကြရာတွင် လက်ဆောင်ပဏ္ဏာများကို ဆက်သကြရသည်။ ထီးနန်းဥကင်တော်ဖွင့်သည်ဟု ခေါ်ဆိုကြပြီး နန်းတွင်းတွင် အစဉ်အလာအတိုင်း ကျင်းပလေ့ရှိပါသည်။

မြန်မာဘုရင်တို့သည် အခမ်းအနားကို ရှေးရိုးအစဉ်အလာအတိုင်း ဆောင်ရွက်ကြသည်ကို ကောင်းစွာမှတ်တမ်းတင်ထားကြသည်။ ဥကင်တော်ဖွင့်အခမ်းအနားကို သုံးရက်ဆက်တိုက် ဆောင်ရွက်လေ့ရှိကြောင်းနှင့် ဆောင်ရွက်ပုံအဆင့်ဆင့်တို့ကို အင်ရုံရွာစားကြီး ဝန်ကြီး သီရိဥဇနာ စီရင်ရေးသားခဲ့သည့် လောကဗျူဟာကျမ်းတွင် မှတ်တမ်းတင်ထားခဲ့သည်ကို မှတ်သားသိရှိရပါသည်။ အဆိုပါကျမ်းကို သက္ကရာဇ် ၁၁၁၅ ခုနှစ် ဝန်းကျင်က ရေးသားပြုစုခဲ့ကြောင်း၊ ရှေးမြန်မာဘုရင်တို့၏ အခမ်းအနား အဆောင်အယောင်များ အစီအရင်များ အကြောင်း၊ ရာသီပွဲတော်များ ကျင်းပပုံများကို ပထမတွဲမှ နဝမတွဲအထိ ပြုစုထားသည်ကို လေ့လာတွေ့ရှိရပေသည်။

(ပုရပိုက်၏ အပေါ်ဖုံး)
**(ဓာတ်ပုံ - ချက်စတာဘက်တီ စာကြည့်တိုက်၊ အိုင်ယာလန်နိုင်ငံ)**

(**မှတ်ချက်။** ၂၀၂၂ ခုနှစ်အတွင်း စိုထိုင်းဆကြောင့် ပြန်လည်ထိန်းချုပ်ပြုပြင် ထိန်းသိမ်းပေးနေရသည်ဟုသိရ)

အဆိုပါ ပုရပိုက်ကို ဖတ်ရှုလေ့လာရသဖြင့် ရှေးမြန်မာမင်းတို့၏ အခမ်းအနားအတွက် ပြင်ဆင်ကြပုံ၊ ဆောင်ရွက်ရသည်များကို အစဉ်အလာအတိုင်း လုပ်ကိုင်ပုံ၊ နေရာချထားပုံ၊ ဘွဲ့ပေးပုံ၊ အခမ်းအနား အစီအစဉ်အတိုင်း ကျင်းပရပုံတို့ကို မှတ်တမ်းတင်ထားခြင်းကို အသေးစိတ် လေ့လာနိုင်ပါသည်။

စာမျက်နှာ ၁၈ သို့ ❑

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် စာအုပ်စာစောင်ပြပွဲအခမ်းအနား ကျင်းပ

**ပျဉ်းမနား ဇန်နဝါရီ ၂**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနား မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက ကြီးမှူးကျင်းပသည့် (၇၅) နှစ်မြောက်စိန်ရတု လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲ၊ စာအုပ်စာစောင်ပြပွဲနှင့် နံရံကပ်စာစောင် ပြပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ပျဉ်းမနား မြို့နယ်လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်က ဟောပြောပွဲနှင့် ပြပွဲများ ကျင်းပရခြင်း၏ ရည်ရွယ် ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ခင်းကျင်းပြသ ထားသည့် လှပသာယာပြည်မြန်မာရောင်စုံဓာတ်ပုံ များ၊ နံရံကပ်စာစောင်ပြဘုတ်များ၊ ပြည်သူ့စာကြည့် တိုက်တွင် စာအုပ်စာစောင်များ ငှားရမ်းနေမှု အခြေ အနေများနှင့် ပြတိုက်ငယ်တို့ကို လှည့်လည်ကြည့်ရှု အားပေးသည်။

ထို့နောက် စာရေးဆရာမ သက်သက်နွယ် (ရန်ကုန်တက္ကသိုလ်)က လူငယ်နှင့် ယဉ်ကျေးမှု၊ စာရေးဆရာမ ခင်လေး (ပြည်ထောင်စုနယ်မြေ)က လူငယ်နှင့် စိတ်ဓာတ်ခွန်အား ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးကြသည်။

အခမ်းအနားအပြီးတွင် ကျောင်းသား ကျောင်းသူ များက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနက ခင်းကျင်းပြသထားသည့် လှပသာယာ ပြည်မြန်မာရောင်စုံဓာတ်ပုံများ၊ နံရံကပ်စာစောင် ပြဘုတ်များ၊ ပြည်သူ့စာကြည့်တိုက်၊ ကလေးစာဖတ် ခန်း၊ ပြတိုက်ငယ်တို့ကို ကြည့်ရှုလေ့လာကြပြီး ကလေးစာဖတ်ခန်းတွင် ဆေးရောင်ခြယ်ခြင်း၊ ဂိမ်းကစားခြင်းများကို ပါဝင်ယှဉ်ပြိုင်ကြရာ ဆုရရှိသူ များအား တာဝန်ရှိသူများက ဆုလက်ဆောင်ပစ္စည်း များ ပေးအပ်သည်။



ထို့နောက် ပျဉ်းမနားမြို့နယ် ရုံးဝန်ထမ်းများက ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)မှ ထုတ်ဝေသည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် "သတင်းစကား" လက်ကမ်းစာစောင်များ ဖြန့်ဝေ ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# မှော်ဘီမြို့နယ် အောက်စုစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းက နေကြာစပ်မျိုးများ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

**မှော်ဘီ ဇန်နဝါရီ ၂**

သမဝါယမကဏ္ဍက ပြည်တွင်းစားသုံးဆီဖူလုံစေရန်အတွက် ဆီထွက် သီးနှံများ စိုက်ပျိုးခြင်း၊ ဆီစက်များ အဆင့်မြှင့်တင်ခြင်းနှင့် ဆီကြိတ်ခွဲ ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အောက်စုကျေးရွာ အောက်စုစိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်း၏ အသင်းသားများက လယ်မြေစိုက်ဧက ၁၀၁ ဧကတွင် နေကြာစပ်မျိုးစေ့များ စတင်စိုက်ပျိုးရာ ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများ ကျင်းပ

**မော်လမြိုင် ဇန်နဝါရီ ၂**

မွန်ပြည်နယ်သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေး၊ စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)နှင့် မော်လမြိုင်မြို့နယ် သမဝါယမဦးစီးဌာနတို့ပူးပေါင်းကျင်းပသော (၇၅) နှစ်မြောက် စိန်ရတု လွတ်လပ်ရေးနေ့အကြို အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၁ ရက်က သမဝါယမစာရင်းရေး၊ စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (မော်လမြိုင်)၌ ကျင်းပသည်။

အဆိုပါပြိုင်ပွဲများတွင် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ ပါဝင်ကစားခဲ့ကြပြီး စိန်ရတုလွတ်လပ်ရေး နေ့တွင်လည်း ပျော်ပွဲရွှင်ပွဲ များ၊ အားကစားပြိုင်ပွဲ ဗိုလ်လုပွဲများနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနား တို့ကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ဟိုပန်မြို့နယ်၌ အားကစားပြိုင်ပွဲများ ကျင်းပ

**ဟိုပန် ဇန်နဝါရီ ၂**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့နယ်တွင် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ယမန်နေ့နံနက် ၉ နာရီတွင် ဟိုပန်မြို့ လွတ်လပ်ရေး ကျောက်တိုင်ကွင်း၌ အလွတ်တန်းဘော်လီဘောအားကစားပြိုင်ပွဲ ဆက်လက်ကျင်းပသည်။

ဟိုပန်မြို့နယ်တွင် ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် ဘော်လီဘော၊ ပြေးခုန်ပစ်၊ မီတာ (၁၀၀၊၂၀၀၊၄၀၀၊ ၈၀၀) အပြေးပြိုင်ပွဲ၊ သံလုံးပစ်၊ သံပြားပစ်၊ အလျားခုန်၊ ရိုးရာအားကစား ပြိုင်ပွဲများဖြစ်သည့် အိတ်စွပ်ပြေး၊ သုံးချောင်းထောက်၊ သံပုံးရိုက်နှင့် ဝန်ထမ်းပေါင်းစုံ ဖူဆယ်ဘောလုံးအားကစားပြိုင်ပွဲများကို ကျင်းပ သွားမည်ဖြစ်သည်။

လက်ရှိတွင် အမျိုးသားအလွတ်တန်းဘော်လီဘောပြိုင်ပွဲတွင် အသင်း ခြောက်သင်း၊ ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် အသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ကျန်အားကစားနည်းများကို လွတ်လပ်ရေး နေ့တွင် ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်သည်။ **ဇင်ဇင်(ပြန်/ဆက်)**

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဇန်နဝါရီ ၂**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်ရှိ ရေဆင်းကန်ဦးကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ခေမာသီဝံပရိယတ္တိစာသင်တိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသ ကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ဓမ္မဇေယျပရိယတ္တိစာသင်တိုက်၊ ရန်ကင်းမြို့နယ်ရှိ ပဥ္စနိကာယ်သာသနဒ္ဓဇမာန်ကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ ပါဠိကာရီပရိယတ္တိစာသင်တိုက်နှင့် အင်းစိန် မြို့နယ်ရှိ မြတ်သန္တာကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ဝင်းနိမ္မိတာရုံ ပရိယတ္တိစာသင်တိုက်၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ပုဂံအတွင်းဝန်ကျောင်းတိုက်နှင့် မဟာဝိသုဒ္ဓါရုံတိုက်သစ်ကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ဝေဠုဝန်တိုက်သစ်ကျောင်းတိုက်၊ ရန်ကုန် တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ ဇေယျမင်္ဂလာပရိယတ္တိစာသင်တိုက်နှင့် လမ်းမတော်မြို့နယ်ရှိ ကျောက်ပန်းတော်သာမဏေကျော်ကျောင်းတိုက် တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များ အတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ ဦးစီးဌာနများမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရ သည်။

**သတင်းစဉ်**

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့၌ လူငယ်စကားဝိုင်းကျင်းပ

**လေရှီး ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ရှိ အခြေခံ ပညာအထက်တန်းကျောင်း သီတဂူရွှေစင် ဆောင်ခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာန တို့ပူးပေါင်း၍ လူငယ်စကားဝိုင်းကျင်းပရာ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင် မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထိုသို့ ကျင်းပရာ အခြေခံပညာ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ငါးဦးနှင့်အတူ မြို့နယ်ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစံကျော်ဦးက ဦးဆောင် ဆွေးနွေးသူအဖြစ် ပါဝင်ဆွေးနွေးခဲ့ကြ ကြောင်းသိရသည်။

အဆိုပါစကားဝိုင်းတွင် Grade-10 မှ မမေနန္ဒာအောင်က လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း၊ Grade-10 မှ မစီဖိုင်းသေးက လူငယ်နှင့် မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 မှ မောင်အကြည်မောင်က လူငယ်နှင့် ဆေးလိပ်အန္တရာယ်ခေါင်းစဉ် ဖြင့်လည်းကောင်း၊ Grade-10 မှ မခီလှိုင်းရှီးက လူငယ်နှင့် ကျန်းမာရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 မှ မောင်သီရိကဲက လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဆွေးနွေးခဲ့ကြပြီး လူငယ်စကားဝိုင်းသို့ ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများ စုစုပေါင်း ၁၇၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ယွန်း(မုံရွာ-ကိုယ်ပွား)**

❑ စာမျက်နှာ ၁၇ မှ

ထူးခြားသည့်အချက်တစ်ချက်မှာ အခမ်း အနားအစီအစဉ်အတွက် တာဝန်ယူ ရသူအသီးသီးမှာ မင်းညီမင်းသား၊ မှူးတော် မတ်တော်များကအစ အိမ်ထောင်သည်ဖြစ်ပါက ငယ်လင် ငယ်မယားဖြစ်ရန်၊ မယား၊ သားသမီး ပြည့်စုံသောသူ၊ အမည်ကောင်းသူဖြစ်ရန် အဆင့်ဆင့်တွင် သတ်မှတ်ထားသည်ကို ကြည့်ပါက မင်္ဂလာယူသည့်အခမ်းအနား တွင် မင်္ဂလာရှိစေမည့် ထုံးတမ်းကိုသာ အလေးထားသည်ကို တွေ့ရှိရပါသည်။

ထို့အပြင် ယင်းစာကြည့်တိုက်က ထိန်းသိမ်းထားသော ရတနာပုံ ရွှေနန်း တော်မှ ပန်းချီဆရာတစ်ဦး၏ ဆေးရောင် ဖြင့် နန်းတွင်းအခမ်းအနား တချို့နှင့် အသုံးအဆောင်ပုံများမှာလည်း မူရင်းကို မတွေ့ခဲ့ရသော်လည်း ကွန်ပျူတာတွင် သိမ်းဆည်းထားမှုများကို ကြည့်ခွင့် ရရှိခဲ့ပါသည်။ အလွန်ကောင်းမွန်သော ရှေးလက်ရာများ မပျောက်မပျက်တွေ့ရှိ ခွင့်ရခဲ့ပါသည်။ အရောင်များ ခြယ်သပုံ၊ နန်းတွင်းအသုံးအဆောင်နှင့် နန်းတွင်း အခမ်းအနားတချို့ကို ပန်းချီဖြင့် မှတ်တမ်းတင်ထားသဖြင့် အလွန်တန်ဖိုး ရှိလှပါသည်။

ဤဆောင်းပါးကို ရေးသားရခြင်းမှာ အဆိုပါပုရပိုက်ကို မြန်မာနိုင်ငံနှင့် ဝေးလံ လှသော အရပ်ဒေသသို့ ယူဆောင်သွား ကြလင့်ကစား စာပေတန်ဖိုးကို လေးစား ကာ စာကြည့်တိုက်ကန့်သတ်ချက်များ နှင့်အညီ ထိန်းသိမ်းစောင့်ရှောက်ထား ခြင်းကို အလေးပေး ဖော်ပြလိုခြင်း ကြောင့်သာ ဖြစ်ပါသည်။ တာဝန်နှင့် သွားရောက်သော ခရီးစဉ်အတွင်း လေ့လာခဲ့ရသည်မှာလည်း ကြုံဆုံရခဲ သော အတွေ့အကြုံတစ်ခုပါပေ။ ။

**ကိုးကား**

(၁) လောကဗျူဟာကျမ်း(အင်ရုံစာတမ်း)
(၂) https://chesterbeatty.ie

# တာချီလိတ်ဒေသ ကုန်သွယ်မှုအခြေအနေ

**တာချီလိတ် ဇန်နဝါရီ ၂**

မြန်မာ-ထိုင်းနယ်စပ်တစ်ခု ဖြစ်သည့် တာချီလိတ်ဒေသတွင် နယ်မြေတည်ငြိမ်အေးချမ်းလျက်ရှိပြီး နိုင်ငံတော်၏ စီးပွားရေး ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နှစ်နိုင်ငံ ကုန်သွယ်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ကုန်ပစ္စည်းများတင်ပို့/တင်သွင်းလျက်ရှိသော လုပ်ငန်းရှင်များကိုလည်း ကုန်သွယ်မှုလုပ်ငန်းများတွင် လွယ်ကူလျင်မြန်ချောမွေ့စေရေးအတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများ၊ ကုန်သွယ်ရေးစခန်း (OSS)အဖွဲ့နှင့် ဆက်စပ်ဌာနများက ပေါင်းစပ် ဆောင်ရွက်ပေးလျက်ရှိသည်။ ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိသည့်အတွက် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် ပို့ကုန်အမေရိကန် ဒေါ်လာ ၅ ဒသမ ၅၁၇ သန်း၊ သွင်းကုန် အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၁၅၃ သန်း စုစုပေါင်းတန်ဖိုး သန်း ၁၅ ဒသမ ၆၇၀ ကုန်သွယ်မှုပြုခဲ့သည်။ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက် ငွေလဲနှုန်းမှာ ကျပ်တစ်သိန်းလျှင် ၁၂၂၅ ဘတ်ဖြစ်သဖြင့် မြန်မာငွေဈေး ၈၁ ကျပ်ဝန်းကျင်ခန့် ပေါက်ဈေးဖြစ်ပေါ်တည်ငြိမ်လျက်ရှိသည်။

တာချီလိတ်ဒေသသည် စီးပွားရေးဖွံ့ဖြိုးလာသည်နှင့်အမျှ တည်ဆောက်ရေးလုပ်ငန်းများမှာလည်း ပိုမိုကျယ်ပြန့်လာပြီဖြစ်သည်။ ထို့ကြောင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် ဘိလပ်မြေနှင့်အိမ်ဆောက်ပစ္စည်းမျိုးစုံအား တစ်ဖက်ထိုင်းနိုင်ငံမှ တင်သွင်းလျက်ရှိသကဲ့သို့ ပို့ကုန်အနေဖြင့်လည်း ပုစွန်ဖွဲ့၊ ရော်ဘာတို့ကို အများဆုံးတင်ပို့လျက်ရှိသည်။ ယခုကာလ ပွင့်လင်းရာသီဖြစ်လာသည်နှင့်အညီ မိမိဘက်ပို့ကုန်များ တိုးမြှင့်နိုင်ရေးအတွက် ကုန်သည်လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးဆောင်ရွက်လျက်ရှိသည်။ တစ်ဖက်မှာလည်း ဝမ်ပုံဆိပ်ကမ်းမှတစ်ဆင့် ကုန်ပစ္စည်းများကို တရုတ်နိုင်ငံနှင့် လာအိုနိုင်ငံတို့သို့ မဲခေါင်မြစ်ကြောင်းအတိုင်း ရေယာဉ်များဖြင့် ကုန်သွယ်မှုဆောင်ရွက်လျက်ရှိသည်။ ထိုအခွင့်အရေးများရှိသောကြောင့် မကြာမီကာလတွင် တာချီလိတ်ဒေသ၏ ကုန်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ကော့သောင်းကုန်သွယ်ရေးစခန်းမှ ရေထွက်ပစ္စည်းတင်ပို့မှု သိသာစွာလျော့ကျ

**ကော့သောင်း ဇန်နဝါရီ ၂**

ကော့သောင်းကုန်သွယ်ရေးစခန်းသည် တစ်ဖက်ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစီဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမှုန့်တို့ဖြစ်သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလတွင် ရေထွက်ပစ္စည်းတန်ချိန် ၂၄၃၃၀ (တန်ဖိုးအမေရိကန်ဒေါ်လာ ၂၄ ဒသမ ၄၈၃ သန်း) တင်ပို့နိုင်ခဲ့သော်လည်း ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတွင် တန်ချိန် ၁၄၀၂၂ (တန်ဖိုး အမေရိကန် ဒေါ်လာ ၁၅ ဒသမ ၈၇၂ သန်း)သာ တင်ပို့နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက် ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ်တစ်သိန်းလျှင် ၁၂၃၅ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေကျပ် ၈၁ ကျပ်ခန့်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိသော ထန်းလျက်

**ရန်ကုန် ဇန်နဝါရီ ၂**

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက် မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်သို့ တင်ပို့လျက်ရှိသည့် ကုန်ပစ္စည်းများအနက် လယ်ယာထွက်ကုန် ပစ္စည်းတစ်မျိုးဖြစ်သည့် ထန်းလျက်မှာ ဘင်္ဂလားဒေ့ရှ် ဈေးကွက်တွင် အမြဲတမ်းဝယ်လိုအားရှိသည့် ကုန်ပစ္စည်းတစ်မျိုးဖြစ်သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာလထိ) ထန်းလျက်တန်ချိန် ၁၃၉ တန် တင်ပို့နိုင်ခဲ့ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (ဧပြီလမှ ဒီဇင်ဘာလထိ) ထန်းလျက် တန်ချိန် ၃၆ တန် တင်ပို့နိုင်ခဲ့သဖြင့် ကာလတူနှင့် နှိုင်းယှဉ်ပါက ၁၀၃ တန် ပိုမိုတင်ပို့နိုင်ခဲ့သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်နေ့ ပြင်ပငွေလဲနှုန်းမှာ တစ်ဒေါ်လာလျှင် ၂၈၁၄ ကျပ်၊ ၁၀၀ ကျပ်လျှင် ၄ ဒသမ ၀၂ တာကာ၊ တစ်တာကာလျှင် ၂၄ ဒသမ ၉ ကျပ် ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပန်းဂေါ်ဖီဈေးကွက်အခြေအနေ

**မုံရွာ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရိုး၏ အရှေ့ဘက်တွင်တည်ရှိသော ညောင်ဖြူပင်၊ သစ်ဆိမ့်၊ ထနောင်းတော၊ နဂါးတွင်းကျေးရွာများသည် ဥယျာဉ်ခြံမြေ စိုက်ပျိုးခြင်းလုပ်ငန်းများကို အဓိကထားလုပ်ကိုင်လျက်ရှိပြီး တောင်သူများအနေဖြင့် ပန်းမုန်လာကို စက်တင်ဘာနှင့် အောက်တိုဘာလဆန်းတို့တွင် ပျိုးထောင်၍ ၃၅ ရက်သားတွင် စိုက်ပျိုးကာ ရက်ပေါင်း ၉၀ ခန့်တွင် ခူးဆွတ်ရကြောင်း၊ စိုက်ပျိုးရာတွင်တစ်ပင်နှင့် တစ်ပင် တစ်ပေခွဲ(သို့မဟုတ်) နှစ်ပေခြားစိုက်ပျိုးပြီး တစ်တန်းနှင့် တစ်တန်းတွင် နှစ်ပေ (သို့မဟုတ်) နှစ်ပေခွဲခြားပြီး စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးပြီး အပင်ဖြစ်ထွန်းသည့်အခါပထမအကြိမ် ဓာတ်မြေဩဇာထည့်ခြင်းကို ရွှေ့စိုက်ပြီး (၇-၁၀)ရက်အကြာ၊ ဒုတိယအကြိမ် ဓာတ်မြေဩဇာထည့်ခြင်းကို ပထမအကြိမ်ထည့်ပြီး ၁၀ ရက်အကြာ၊ တတိယအကြိမ် ဓာတ်မြေဩဇာထည့်ခြင်းကို စိုက်ပြီးတစ်လခန့်အကြာတွင် ထည့်ရန်လိုကြောင်း၊ ဆေးဖျန်း၊ ပေါင်းလိုက်၊ မြေဩဇာကျွေးပြီးတိုင်း ရေသွင်းပေးရကြောင်း၊ မြေပြုပြင်ခြင်း၊ မျိုး၊ စိုက်ပျိုးခြင်း၊ သွင်းအားစုနှင့်လုပ်သားခများအပါအဝင် တစ်ဧက စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ရှစ်သိန်းခန့် ကုန်ကျပြီး ကျပ် ၁၅ သိန်းခန့် ပြန်လည်ရရှိသည့်အတွက် အကျိုးအမြတ်အနေဖြင့် ကျပ်ခုနစ်သိန်းခန့်ရရှိကြောင်း သိရသည်။

ခူးဆွတ်ပြီး ပန်းမုန်လာပွင့်များကို ယခင်နိုဝင်ဘာ စတုတ္ထပတ်တွင် အရွယ်အစားအလိုက် တစ်ပွင့်လျှင် ကျပ် ၉၀၀-၁၅၀၀ဖြင့် ရောင်းချကြရပြီး ယခုဒီဇင်ဘာစတုတ္ထပတ်တွင် ကျပ် ၅၀၀-၇၀၀ ဖြင့် ရောင်းချရကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

# မုံရွာမြို့၏ ငရုတ်သီးဈေးကွက်

**မုံရွာ ဇန်နဝါရီ ၂**

မုံရွာမြို့တွင် စားဖိုဆောင်သီးနှံဖြစ်သော ငရုတ်သီးကို ဒေသတွင်း လက်လီ/ လက်ကားသမားများဖြင့်သာ အရောင်းအဝယ်ပုံမှန်ဖြစ်လျက်ရှိပြီး မုံရွာမြို့ရှိ ပွဲရုံများမှတစ်ဆင့် ဈေးများ၊ ကုန်စုံဆိုင်များ၊ ကျေးရွာများသို့ လက်လီ/ လက်ကားရောင်းချကြောင်း သိရသည်။ မုံရွာမြို့တွင် စိုက်ပျိုးသော ကျောက်စိမ်းငရုတ်သီးဈေးမှာ ယခုလက်ရှိအချိန်တွင် ပွဲရုံလက်ကားဈေးတစ်ပိဿာလျှင် ကျပ် ၈၀၀-၁၀၀၀ နှုန်း၊ လက်လီဈေးမှာ တစ်ပိဿာလျှင် ကျပ် ၁၀၀၀-၁၂၀၀ နှုန်းတို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ ငရုတ်သီးစိမ်းကို မုံရွာမြို့နယ်အတွင်းရှိ ညောင်ပင်တဲ၊ ကျောက်ခွက်၊ ဘုမ္မနိုး၊ ထနောင်းတော၊ မြေနဲ၊ ဆည်ကြီးတော၊ သစ်ညိုပင်ကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြောင်း သိရသည်။ ငရုတ်သီးစိမ်းများသည် အထွက်နှုန်းကောင်းကာ ဈေးကောင်း ရရှိနေခြင်းကြောင့် စိုက်ပျိုးသူတောင်သူများလည်း အကျိုးအမြတ်ဖြစ်ထွန်းကာ အဆင်ပြေနေကြကြောင်း သိရသည်။ **DOCA(စစ်ကိုင်း)**

## ၂-၁-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး၊ ရွှေ ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | | ရေတွက်ပုံ(ကျပ်) ၁၆' ပဲရည် ရွှေ (တစ်ကျပ်သား) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၂၀၀၀(သစ်) | | ၁၃၀၀၀ | ၆၅၀၀ | ၁၇၀၀၀ | ၄၀၀၀(သစ်) | ၄၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၂၀၀ | ၁၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၂၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ | ၂၆၉၀၀၀၀ |
| ၂ | လားရှိုး | ၂၀၀၀ | ၁၇၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၉၀၀၀ | ၄၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၅၀၀ | ၇၅၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၅၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၂၆၂၅၀၀၀ |
| ၃ | ကျိုင်းတုံ | ၂၅၀၀ | | ၁၆၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၄၅၀၀ | ၅၅၀၀ | ၅၀၀၀ | | ၁၈၀၀ | ၁၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၃၀၀၀ | ၂၈၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | | ၈၅၀၀ | ၂၆၉၀၀၀၀ |
| ၄ | တောင်ကြီး | ၂၂၅၀ | ၂၁၅၀ | ၉၅၀၀ | ၅၄၀၀ | ၂၀၀၀၀ | ၃၅၀၀ | ၃၈၀၀ | ၄၅၀၀ | ၃၃၀၀ | ၉၀၀ | ၆၀၀ | ၇၂၀၀ | ၄၈၀၀ | ၃၀၀၀ | ၂၈၀၀ | ၂၈၀၀ | ၁၃၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၈၅၀၀ | ၂၆၇၂၅၀၀ |
| ၅ | လှိုင်ကော် | ၂၉၅၀ | ၂၀၀၀ | ၁၂၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၃၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၄၃၀၀ | ၁၁၀၀ | ၅၀၀ | ၆၃၀၀ | ၄၀၀၀ | ၃၇၀၀ | ၂၃၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၉၀၀၀ | ၂၇၀၃၀၀၀ |
| ၆ | ဘားအံ | ၂၀၀၀ | | ၁၁၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၇၀၀ | ၆၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၀၀၀ | ၆၀၀၀ | ၂၇၀၂၀၀၀ |
| ၇ | မော်လမြိုင် | ၁၆၅၀(သစ်) | | ၁၃၅၀၀ | ၆၃၀၀ | ၁၈၀၀၀ | ၃၅၀၀(သစ်) | ၆၀၀၀ | ၅၀၀၀ | ၃၅၀၀ | ၂၅၀၀ | ၆၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၆၉၀၀၀၀ |
| ၈ | ထားဝယ် | ၂၃၀၀ | | ၁၆၁၀၀ | ၈၆၀၀ | ၁၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၃၀၀ | ၂၁၀၀ | ၆၀၀ | ၆၃၀၀ | ၅၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၈၅၀၀၀ |
| ၉ | မြိတ် | ၂၁၀၀(သစ်) | | ၁၃၀၀၀ | ၆၂၀၀ | ၂၁၀၀၀ | ၄၈၀၀(သစ်) | ၄၇၀၀ | ၅၀၀၀ | ၄၈၀၀ | ၂၄၀၀ | ၈၀၀ | ၆၄၀၀ | ၄၃၀၀ | ၄၈၀၀ | ၃၁၀၀ | ၃၁၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | | ၂၆၈၀၀၀၀ |
| ၁၀ | ရန်ကုန် | ၂၀၀၀ | ၁၈၀၀ | ၁၂၀၀၀ | ၄၈၀၀ | ၂၄၀၀၀ | ၃၃၀၀(သစ်) | ၆၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀၀ | ၆၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၉၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၇၀၀၀ | ၁၀၀၀၀ | ၂၅၃၀၀၀၀ |
| ၁၁ | ပုသိမ် | ၁၈၀၀(သစ်) | | ၁၃၀၀၀ | ၅၄၀၀ | ၁၆၀၀၀ | ၂၅၀၀(သစ်) | ၄၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀ | ၇၅၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၇၀၀ | ၂၅၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၀၀၀၀၀ |
| ၁၂ | စစ်တွေ | ၁၈၅၀(သစ်) | ၁၇၅၀ | ၁၁၅၀၀ | ၆၅၀၀ | ၁၈၀၀၀ | ၃၀၀၀ | ၆၀၀၀ | ၄၈၀၀ | ၃၅၀၀ | ၃၂၀၀ | ၆၀၀ | ၈၀၀၀ | ၄၇၀၀ | ၄၅၀၀ | ၄၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၂၆၉၀၀၀၀ |
| ၁၃ | ဟားခါး | ၃၂၀၀ | | ၁၆၀၀၀ | | ၁၈၀၀၀ | ၅၀၀၀ | ၅၀၀၀ | | | ၁၅၀၀ | ၁၀၀၀ | | ၅၀၀၀ | | ၃၀၀၀ | ၄၀၀၀ | ၁၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | | ၉၀၀၀ | ၂၇၅၀၀၀၀ |
| ၁၄ | မုံရွာ | ၂၁၀၀(သစ်) | | ၉၅၀၀ | ၅၃၀၀ | ၂၀၀၀၀ | ၂၅၀၀(သစ်) | ၃၂၀၀ | ၅၅၀၀ | ၅၀၀၀ | ၁၇၀၀ | ၈၀၀ | ၅၁၅၀ | ၆၄၀၀ | ၄၃၀၀ | ၂၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ | ၂၅၉၀၀၀၀ |
| ၁၅ | မန္တလေး | ၁၈၅၀(သစ်) | ၁၅၀၀ | ၁၂၀၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၀၀၀ | ၆၀၀ | ၆၈၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၂၈၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၈၀၀၀ | ၂၇၇၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၂၂၀၀ | | ၉၀၀၀ | ၅၃၀၀ | ၁၈၀၀၀ | ၂၇၀၀(သစ်) | ၅၈၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၈၀၀ | ၅၅၀ | ၅၆၀၀ | ၅၃၀၀ | ၄၅၀၀ | ၂၄၀၀ | ၂၆၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၆၀၀၀ | ၂၇၃၅၀၀၀ |
| ၁၇ | မကွေး | ၂၃၀၀ | | ၁၀၀၀၀ | ၅၅၀၀ | ၁၈၀၀၀ | ၃၆၀၀(သစ်) | ၄၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၃၀၀ | ၂၅၀၀ | ၂၉၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၀၀၀ | ၂၇၀၀၀၀၀ |
| ၁၈ | ပြည် | ၁၈၀၀(သစ်) | | ၁၂၅၀၀ | ၅၅၀၀ | ၂၅၀၀၀ | ၂၈၀၀(သစ်) | ၅၀၀၀ | ၄၀၀၀ | ၄၅၀၀ | ၁၇၀၀ | ၄၀၀ | ၆၀၀၀ | ၅၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၂၃၀၀ | ၁၀၀၀၀ | ၁၃၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ | ၂၇၆၀၀၀၀ |
| ၁၉ | ပဲခူး | ၁၉၀၀(သစ်) | | ၁၃၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၅၂၀၀ | ၄၅၀၀ | ၃၈၀၀ | | ၂၀၀၀ | ၆၀၀ | ၅၈၀၀ | ၄၈၀၀ | ၄၅၀၀ | ၂၃၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ | ၂၇၂၀၀၀၀ |
| ၂၀ | ပျဉ်းမနား | ၁၉၀၀(သစ်) | | ၁၂၀၀၀ | ၅၇၀၀ | ၁၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၈၀၀ | ၅၀၀ | ၆၈၀၀ | ၄၀၀၀ | ၄၀၀၀ | ၂၄၀၀ | ၂၇၀၀ | ၉၀၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၂၄၀၀၀ | ၈၀၀၀ | ၂၇၃၅၀၀၀ |
| ၂၁ | နေပြည်တော် | ၁၉၀၀(သစ်) | | ၁၂၀၀၀ | ၅၇၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၀၀၀ | ၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၄၂၀၀ | ၂၆၀၀ | ၂၇၀၀ | ၁၀၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၈၅၀၀ | ၂၇၃၅၀၀၀ |
| ၂၂ | ကလေး | ၂၀၀၀(သစ်) | ၁၈၀၀ | ၁၁၀၀၀ | ၅၈၀၀ | | ၄၀၀၀ | ၄၀၀၀ | ၅၂၀၀ | | ၁၈၀၀ | ၇၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၆၀၀၀ | ၂၇၅၀၀၀၀ |

မှတ်ချက်။ (၁) ဧည့်မထဆန် တစ်ပြည်လျှင် ပဲခူးတွင် ၅၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မုံရွာတွင် ၅၀ကျပ်၊ မန္တလေး နှင့် ပြည်တွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ပခုက္ကူတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လှိုင်ကော်တွင် ၃၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ ဆား တစ်ပိဿာလျှင် လှိုင်ကော်တွင် ၁၀၀ကျပ်၊ မြေပဲဆန် တစ်ပိဿာလျှင်မြိတ်နှင့် ပခုက္ကူတွင် ၁၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ဘားအံတွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပခုက္ကူတွင် ၁၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၁၀၀၀ကျပ်၊ နေပြည်တော်တွင် ၂၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။
(၂) ပဲဆီ တစ်ပိဿာလျှင် တောင်ကြီးတွင် ၅၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ကျပ်၊ တောင်ကြီးတွင် ၁၀၀ကျပ်၊ မော်လမြိုင်တွင် ၂၀၀ကျပ်၊ မြိတ် နှင့် မကွေးတွင် ၃၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီးနှင့် ဘားအံတွင် ၅၀၀ကျပ်၊ လှိုင်ကော်တွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် လားရှိုးတွင် ၅၀၀ကျပ်၊ ပုသိမ်တွင် ၂၀၀ကျပ်၊ မုံရွာတွင် ၃၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် တောင်ကြီးတွင် ၃၀၀ကျပ်၊ မုံရွာတွင် ၅၀၀ကျပ်၊ ပြည်တွင် ၁၀၀၀ကျပ် ၊ နနွင်းတက် တစ်ပိဿာလျှင် တောင်ကြီး နှင့် မုံရွာတွင် ၂၀၀ကျပ် ၊ ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၁၀၀ကျပ် ၊မြေပဲဆန် တစ်ပိဿာလျှင် မုံရွာတွင် ၁၅၀ကျပ်၊ အာလူး တစ်ပိဿာလျှင် တောင်ကြီးနှင့် ဘားအံတွင် ၂၀၀ကျပ်၊ ပုသိမ်တွင် ၁၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ပျဉ်းမနားနှင့် နေပြည်တော်တွင် ၁၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် ပုသိမ်၊ ပခုက္ကူနှင့် ပျဉ်းမနားတွင် ၁၀၀၀ကျပ်၊ ဆိတ်သား တစ်ပိဿာလျှင် လားရှိုးနှင့် တောင်ကြီးတွင် ၂၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

# ဖိမ်နှင့် ကြီးပွားနည်း

ပီမိုးနှင်း

စွဲမြဲခြင်းဖြင့် မပြီးမြောက်နိုင်သောအရာမရှိပေ။

အချိန်ရှိသည် မည်သူပြောသနည်း။ အချိန်ရှိသည်ဟု မှတ်ထင်ကာ စက္ကန့်၊ မိနစ်၊ နာရီတို့ဖြင့် တိုင်းတာကြ၏။ အချိန်ရှိသည့်အလား နေ့ည၊ နေလ နှစ်ပရိစ္ဆေဒတို့ဖြင့် တိုင်းတာကြလေသည်။

လောက၌ ပြုန်းတီးဆုံးပါးဆုံးသောအရာသည် အချိန်ဖြစ်၏။ ထိုကဲ့သို့ ဆုံးပါးနိုင်ခြင်းသည် အချိန်ဆိုသောအရာမရှိခြင်း၏ အမှတ်ဖြစ်လေသည်။

အချိန်သည် ပစ္စက္ခတစ်မတြာ ကာလမျှသာ ရှိ၏။ ထိုတစ်မတြာကုန်လွန်လျှင် အချိန်အားလုံး ဆုံးပါးလေတော့သည်။ သို့ဖြစ်သောကြောင့် ယခုပစ္စက္ခတစ်မတြာကာလဖြစ်သော (ယခု)သည် အချိန်အပေါင်းတို့တွင် အရေးကြီးသောအချိန် ဖြစ်လေသည်။ ယခုဆိုသောအချိန် ဆုံးပါးချေက မနေ့ကဆိုသော အချိန်ပေါင်း ၁၀ ယနေ့ဖြည့်စွက်၍ မရပေ။ နက်ဖြန်ခါ ဒုန်းစိုက်လိုက်၍မရချေ။

သို့ဖြစ်လေရာ ယခုသည် ၁၀ မနေ့၊ ၁၀ နက်ဖြန်ခါထက် အရေးကြီးလေသည်။ ယခုအချိန်၌ ပေ့ါပေ့ါဆဆနေမိချေက လောက၌ လေးလေးပင်ပင် ဖြစ်နိုင်တော့မည်မဟုတ်။ ယခုဆုံးရှုံးက အစဉ်အမြဲ ဆုံးရှုံးသည်မည်၏။ အတိတ်သည် မရှိတော့ပေ။ လွန်လေပြီးသောအရာဖြစ်၏။ အနာဂတ်သည် အတွေးအထင်မျှသာ။ အကောင်အထည်မရှိပေ။

(ယခုသည်မှာရှိ၏။ နက်ဖြန်ခါသည် ဘယ်မှာမှ မရှိပေ၊ နက်ဖြန်ခါသို့ အချိန်ရွှေ့ခြင်းသည် မရှိသော အခြေအနေသို့ ရွှေ့ခြင်းဖြစ်လေသည်။ နက်ဖြန်ခါသို့ အချိန်ရွှေ့မိခြင်းကြောင့် အသက်သေဆုံးသော အာရ်ခီးယာစ်၏စကားသည် လွှတ်ခနဲမြည်တမ်းသောစကားဖြစ်၏။ သို့သော်လည်း ထိုစကားသည် စကားပုံအဖြစ်သို့ အလိုလိုရောက်ရလေသည်။ ၎င်းသည် အလုပ်လုပ်ကိုင်ရာ၌ ပါဝင်သော စာတစ်စောင်ကို မဖတ်ဘဲ နက်ဖြန်ခါလုပ်မယ်ဟု ဆိုင်းရွှေ့လိုက်၏။ ထိုစာမှာ မိမိအသက်ကို သေကြောင်းကြံသူတစ်ယောက် အကြောင်းကို သတိပေးသောစာဖြစ်လေသည်။ ထိုစာကို ထိုနေ့မနက် မဖတ်မိသည့်အတွက် အာရ်ခီးယာစ်အသက် သေဆုံးရလေသည်။ ၎င်းမြည်ဟည်းသောစကားသည် နက်ဖြန်ခါလုပ်မည်ဟူသောစကားဖြစ်လေသည်။)

လူမိုက်သည် ငေး၍နေ၏။ အချိန်ကား သော့၍နေလေသည်။ လူမိုက်ငေး၍နေသည်ကို အချိန်သည် စောင့်၍မနေပေ။ ဤလောကသည် စစ်ပွဲကြီးဖြစ်၏။ အကြောင်းမူကား စစ်တိုက်သကဲ့သို့ အသက်မွေးကြရလေသည်။

စစ်ပွဲများ၌ အလွန်တိုတောင်းသောအချိန်ကလေးသည် ကြီးမားသောရန်သူများကို ဖြစ်ပေါ်စေနိုင်၏။ လောကအသက်မွေးခြင်း၌လည်း အလွန်တိုတောင်းသောအချိန်သည် ကြီးကျယ်ခက်ခဲခြင်းများကိုဖြစ်စေသည်။ သို့အတွက် လသာတုန်း ဗိုင်းငင်ဟု ရှေးလူကြီးများ ပြောခဲ့ကြလေသည်။ လသာတုန်း ဗိုင်းငင်သောသူသည် အခက်အခဲများနှင့်မတွေ့နိုင်ပေ။ လသာတုန်း ဗိုင်းငင်သောသူသည် ပူပန်သောကရောက်စရာမရှိပေ။

အချိန်ကို လေးစားဂရုပြုသောသူသည် ဆင်းရဲဒုက္ခဟူသမျှကို ကပ်မငြိနိုင်၊ ဆင်းရဲဒုက္ခဟူသမျှတို့မှ လွတ်ကင်းနိုင်သောနည်းလမ်းတစ်ခု ရှိသည်ဟုဆိုလျှင် ထိုနည်းလမ်းသည် မည်သူမဆို လိုချင်ပေလိမ့်မည်။ ထိုနည်းလမ်းသည် အမှန်ရှိ၏။ ၎င်းနည်းလမ်းသည်ကား အခြားမဟုတ်။ အချိန်ကို မဖြုန်းခြင်းပင်ဖြစ်လေသည်။ အချိန်သည် ရတနာအပေါင်းတို့ကို ထွက်ပေါ်စေနိုင်သော ရတနာတွင်းကြီးဖြစ်လေသည်။ ပညာလိုချင်လျှင် ပညာရ၏။ ဥစ္စာလိုချင်လျှင် ဥစ္စာရ၏။ ကုသိုလ်ကောင်းမှု လိုချင်လျှင် ကုသိုလ်ကောင်းမှုပေးနိုင်၏။

ထိုမျှလောက် အစွမ်းကောင်းသော ဣစ္ဆာသယလက်နက်ကြီးဖြစ်ပေသည့်အချိန်ကို ရရှိသူများသည် လောက၌ အကြီးအကျယ်ဖြစ်ဖို့သာ ရှိလေသည်။

အဘယ်မျှပင် ဝီရိယရှိစေကာမူ အချိန်ကို မစောင့်က စွဲမြဲသည်းခံခြင်းရှိသူ မဟုတ်ပေ။ စွဲမြဲသည်းခံခြင်းမရှိသောသူသည် ဝီရိယရှိလေလေ ကျွန်ဖြစ်လေလေ မှတ်ရာ၏။ စွဲမြဲခြင်းရှိမှသာလျှင် အချိန်ကို ရိုသေသည်ဖြစ်လေသည်။

ထိုကဲ့သို့ အချိန်ကိုရိုသေသူမဟုတ်က တစ်စုံတစ်ရာ အကြီးအကျယ်မဖြစ်နိုင်ပေ။ သို့ဖြစ်လေရာ လောက၌ အစွဲမြဲဆုံးသောအရာသည် တတစ်တစ်မည်ကာ သွား၍နေသောအချိန်ပင်ဖြစ်လေသည်။

ထိုစွဲမြဲခြင်းသည် နက်နဲလှစွာသော သမုဒ္ဒရာများမှ တောင်ကြီးများဖြစ်၍လာစေနိုင်၏။ တောင်ကြီးများမှ ပင်လယ်သမုဒ္ဒရာများ ဖြစ်စေနိုင်လေသည်။ သို့ဖြစ်လေရာ ကမ္ဘာပေါ်၌ စွဲမြဲခြင်းလောက် တန်ခိုးကြီးသောအရာမရှိပေ။

စွဲမြဲခြင်း၏အစွမ်း ရာထူးဌာနန္တရအခြေအနေတို့သည် ကြီးမြင့်ရာ၏။ စွဲမြဲခြင်း၏အစွမ်းဖြင့် ရွှေငွေရတနာ အစုအပုံတို့ကို ဖြစ်စေနိုင်၏။ စွဲမြဲခြင်း၏အစွမ်းဖြင့် ပညာရှိကြီးများ ဖြစ်စေနိုင်လေသည်။ စွဲမြဲခြင်းဖြင့် မပြီးမြောက်နိုင်သောအရာမရှိပေ။

အပင်ပန်းခံရုံမျှဖြစ်သော ဝီရိယသည် ပင်ပန်းနွမ်းနယ်စေ၏။ ကျေးကျွန်အဖြစ်မျိုးသို့ ရောက်စေနိုင်သည်။ စွဲမြဲခြင်းသည် ပင်ပန်းဆင်းရဲခြင်း လုံးလုံးမရှိချေ။ ဆန္ဒာဓိပတိဆန္ဒ၊ ဆန္ဒစိတ်အားထက်သန်ခြင်းသည် မည်သည့်အရာမဆို အောင်မြင်စေနိုင်၏။ သို့သော်လည်း ထိုဆန္ဒသည် စွဲမြဲသောဆန္ဒဖြစ်ဖို့ လိုလေသည်။

လက်သီးလက်ရုံးကိုတန်း၍ ဆန္ဒဓာတ်အားကြီးခြင်းသည် သေအောင်တန်းစေကာမူ အကျိုးကျေးဇူးကို မပြီးစေနိုင်။ သေရုံသာရှိနိုင်လေသည်။

အစစ်အမှန်ဝီရိယသည် တစ်စုံတစ်ရာကို စွဲမြဲစွာလုပ်ခြင်းဖြစ်လေသည်။ လက်ရုံးအားကိုးလုပ်ခြင်းကို မဆိုလိုချေ။

သို့ဖြစ်လေရာ စွဲမြဲခြင်းသည် အချိန်နှင့် လွန်စွာတူသည်ဟုဆိုအပ်ပေသည်။ အချိန်ဟူသော စွဲမြဲခြင်းရှိသူတို့သည် လူသားဖြစ်မြောက်နိုင်သမျှ ဘယ်အရာမဆို အကုန်အစင်ဖြစ်နိုင်လေသည်။ သို့ဖြစ်လေရာ စွဲမြဲခြင်းအစွမ်းနှင့် ကြီးပွားသူတို့သည် ဖိမ်နှင့် ကြီးပွားသူဟု ဆိုရပေသည်။ ။

■

# ကြီးပွားချမ်းသာနည်းဗျူဟာ

ထက်ခိုင်

**စိတ်တန်ခိုး**

"မိမိတို့ရဲ့ ကိုယ်ပိုင်တန်ခိုးအင်အားစွမ်းပကားဆိုတာ အထိန်းအကွပ်ပါတဲ့ ညွှန်ကြားဦးဆောင်နိုင်မှုနဲ့ အသုံးပြုရမှာဖြစ်ပါတယ်"

**အမေရိကန်စာရေးဆရာ**
**နပိုလီယံဟီးလ် (၁၈၈၃-၁၉၇၀)**

ဘဝတွင် အောင်မြင်ကြီးပွားရေး ကြီးပွားချမ်းသာရေးအတွက် လူတိုင်းလူတိုင်းက အစဉ်ကြိုးစားလျက်ရှိရာ အောင်မြင်ကြီးပွားရေးအတွက် ကြိုးစားရာတွင် အဓိကလိုအပ်ချက်တစ်ခုကို လူသားတိုင်းမေ့လျော့နေတတ်ကြသည်။

ယင်းမှာ စိတ်တန်ခိုးပင်။

အောင်မြင်ရေးနှင့် ကြီးပွားချမ်းသာရေးအတွက် လူတိုင်းလူတိုင်းက မျှော်လင့်ချက်ထားကာ ကြိုးစားနေကြရာတွင် ဆယ်ကျော်သက် လူငယ်လူရွယ်များနှင့် အသက်အရွယ်ကြီးရင့်သူများအထိ ပါဝင်သည်။ ယင်းတို့၏ တူညီသည့်ဆန္ဒတစ်ခုကဖြင့် ကြီးပွားချမ်းသာ အောင်မြင်ရေးပင်ဖြစ်သည်။

ကမ္ဘာပေါ်ရှိ အရွယ်အမျိုးမျိုးသောလူသားတိုင်းက ဘဝဖြတ်သန်းမှုတစ်လျှောက်တွင် အောင်မြင်ပြီး ကြီးပွားချမ်းသာလိုကြသည်ချည်းပင်။ သို့ဖြစ်၍ ကြီးပွားချမ်းသာရေးနှင့် ဘဝအောင်မြင်ရေး ဟောပြောပွဲများ၊ ကြီးပွားချမ်းသာရေးနှင့် ဘဝအောင်မြင်ရေးစာအုပ်များကို တစ်ကမ္ဘာလုံးရှိလူသားများက အထူးတလည်စိတ်ဝင်စားလျက်ရှိသည်။

ကမ္ဘာ့လူသားတိုင်းက ကြီးပွားချမ်းသာမှု၊ အောင်မြင်မှုတို့ကို တက်မက်ကြသည်။

ထို့ကြောင့် အောင်မြင်ကြီးပွားချမ်းသာနိုင်မှု ရရှိရေးအတွက် တစိုက်မတ်မတ်ကြိုးစားလုပ်ဆောင်နေကြသည်ဖြစ်ရာ အဓိကသော့ချက်မှာ စိတ်တန်ခိုးပင်ဖြစ်ပေသည်။ မိမိ၏ ကိုယ်ပိုင်စိတ်တန်ခိုးစွမ်းပကားသာ မိမိကိုဦးဆောင်နိုင်ပြီး မိမိ၏ရည်မှန်းချက်ပန်းတိုင်သို့ ခေါ်ဆောင်သွားနိုင်ရာဖြစ်သည်။



"မိမိတို့ရဲ့ ကိုယ်ပိုင်တန်ခိုးအင်အားစွမ်းပကားဆိုတာ အထိန်းအကွပ်ပါတဲ့ ညွှန်ကြားဦးဆောင်နိုင်မှုနဲ့ အသုံးပြုရမှာဖြစ်ပါတယ်" ဟူ၍ အမေရိကန်စာရေးဆရာ နပိုလီယံဟီးလ်က ရေးသားဖော်ညွှန်းထားသည်။

လူသားတိုင်းသည် အောင်မြင်မှုနှင့် ကြီးပွားချမ်းသာမှုရရှိရေးနောက်သို့ တကောက်ကောက်လိုက်ကြရင်းဖြင့် အချိန်ကုန်လူပန်းဖြစ်ပြီး အောင်မြင်ချမ်းသာမှု မရရှိခဲ့သူများလည်း များစွာရှိသည်။ ယင်းမှာ မိမိ၏စိတ်တန်ခိုးကို အသုံးချမှုအားနည်းခဲ့သည့်အတွက်ဖြစ်ကြောင်း အမေရိကန်စာရေးဆရာ နပိုလီယံဟီးလ်က အတိအလင်းဖွင့်ဆိုပေးထားခြင်းဖြစ်သည်။

သို့ဖြစ်၍ ကြီးပွားချမ်းသာလိုသောလူငယ်လူရွယ်များနှင့် ကြီးပွားချမ်းသာလိုသော လူတိုင်းသည် စိတ်တန်ခိုးကို အသုံးချကာ ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးစားလုပ်ဆောင်ရန် လိုအပ်သည်။

စိတ်စွမ်းအားနှင့်ပတ်သက်၍ မိမိ၏ကိုယ်ပိုင်စိတ်ကို စိုးမိုးနိုမ်နင်းရန် လုပ်ဆောင်ရမည့်နည်းများကို ကမ္ဘာကျော်သံမဏိသူဌေးကြီး အင်ထရူးကာနယ်ဂျီကလည်း ပြောကြားဖူးသည်။

"ကိုယ်တိုင် စည်းကမ်းသေဝပ်မှုဆိုတာ မိမိရဲ့ ကြံ့စည်စိတ်ကူးမှုကို နိုင်ခြင်းမှအစပြုတယ်။ ကြံ့စည်စိတ်ကူးမှုကို မနိုင်နင်းပါလျှင် လုပ်ဆောင်မှုအပေါ်မှာ နိုင်နင်းမှုမရှိနိုင်ပါဘူး"

စိတ်တန်ခိုးဖြင့် ကြီးပွားချမ်းသာမှုရရှိရေးအတွက် ကြိုးစားရာတွင် စိတ်စွမ်းအားကို ထိန်းချုပ်ကွပ်ကဲနိုင်မှုအပေါ်မူတည်ပြီး အပြုစိတ်ကိုဖော်ကျူးကာ အဖျက်စိတ်ကို ချိုးနှိမ်နိုင်မှာဖြစ်ကြောင်း စိတ်နှင့်ပတ်သက်သည့် အဓိကဆက်နွှယ်မှုများကို ဖော်ပြထားခြင်းလည်းဖြစ်သည်။

ထို့ကြောင့် မိမိ၏ကိုယ်ပိုင်စိတ်စွမ်းအားကို နိုင်နိုင်နင်းနင်းအသုံးချကာ ဘဝတွင်အောင်မြင်ကြီးပွားချမ်းသာရေးအတွက် လိုက်နာဖော်ဆောင်တည်ဆောက်ရာတွင် မိမိ၏စိတ်တန်ခိုးအင်အားတို့က အဓိကကျပြီး ကိုယ်ပိုင်စိတ်စွမ်းအားဖြင့်ပင် ထိန်းကျောင်းကွပ်ကဲစီမံရမှုအပေါ်တွင် အဓိကကျပေသည်။

သို့မှသာ အောင်မြင်မှုရရှိလာပြီး ကြီးပွားချမ်းသာမှုဟူသည်ကို ရရှိလာပေမည်။

ထို့ကြောင့် ယနေ့မျိုးဆက်သစ် လူငယ်မောင်မယ်များနှင့် လူတိုင်းလူတိုင်းသည် မိမိတို့၏ဘဝရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိအောင် ကြိုးစားနေသမျှကာလပတ်လုံးတွင် စိတ်တန်ခိုးနှင့် စိတ်စွမ်းအားက အရေးပါလှသည်ကို သတိအမြဲထားရှိရမည်။

ယင်းစိတ်တန်ခိုးနှင့် စိတ်စွမ်းအားတို့ကို ကောင်းမွန်စွာစီမံကွပ်ကဲနိုင်ပါစေ။ စိတ်ကို နိုင်နင်းမှုရှိပါစေ။ စိတ်ဓာတ်ခိုင်မာမှုရှိပါစေ။ စိတ်ဓာတ်ကြံ့ခိုင်မှုရှိပါစေ။

သို့ဖြစ်၍ မိမိတို့၏ စိတ်တန်ခိုးအင်အားစွမ်းပကားဖြစ်တည်မှုသည် အထိန်းအကွပ်ပါသည့် ညွှန်ကြားဦးဆောင်နိုင်မှုဖြစ်သည့်အတွက် ယင်းတို့ကို ကောင်းမွန်စွာ တည်ဆောက်အသုံးချနိုင်ခြင်းအားဖြင့် အောင်မြင်ကြီးပွားချမ်းသာမှုကို ရရှိလာမည်ဖြစ်ပေတော့သည်။ ။

■

# အောင်ပန်းဆင်သူ ဖြစ်ချင်သလား

မောင်ထူးချွန်

မောင်တို့မယ်တို့အနေနဲ့ အောင်ပန်းဆင်သူ၊ အောင်ပွဲဝင်သူ၊ အောင်နိုင်သူ၊ အောင်မြင်သူ စတဲ့အောင်မြင်မှုဆိုတာတွေကို ရရှိပိုင်ဆိုင်လိုကြတယ် မဟုတ်လား။

ဒီနေရာမှာ ဘယ်လိုအောင်ပန်းဆင်ချင်တာလဲ။ ဘယ်လိုအောင်ပွဲဝင်ချင်တာလဲ။ ဘယ်လောက်အောင်မြင်ချင်တာလဲ ဆိုတဲ့အပေါ်မူတည်ပြီး အောင်မြင်နိုင်မှု၊ အောင်ပန်းဆင်နိုင်မှုဟာ ကွာခြားသွားရတာပါပဲ။ မောင်တို့မယ်တို့ ကိုယ့်ကိုယ်ကိုယ် မေးမြန်းကြည့်ပါ။ အဖြေစကားရလာပါလိမ့်မယ်။

“ဘယ်လို အောင်ပန်းဆင်ချင်တာလဲ၊ ဘယ်လောက်အောင်မြင်ချင်တာလဲ”

ဒီမေးခွန်းလေးက သိပ်ကိုအရေးပါတယ်ကွယ့်။ မိမိကိုယ်ကိုယ်မေးခွန်းထုတ်ပြီးရလာတဲ့အဖြေ။ ရလာတဲ့ဆန္ဒက အခရာဖြစ်တယ်။ အဲဒီဆန္ဒအပေါ်မှာပဲ ဖြစ်တည်လာတာပေါ့ကွယ်။

မောင်တို့မယ်တို့ဟာ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူအရွယ် ဒါမှမဟုတ် တက္ကသိုလ်ကျောင်းသားကျောင်းသူအရွယ်ဆိုရင် အောင်ပွဲဝင်လို့ အောင်ပန်းဆင်လိုတာက စာမေးပွဲအောင်မြင်မှုပဲဖြစ်မှာပေါ့။ ဆိုပါတော့ အရွယ်အမျိုးမျိုးရှိကြပေမယ့် ဘဝတစ်ဆစ်ချိုးပြောင်းလဲမှုကို ဖြစ်ပေါ်စေတဲ့တက္ကသိုလ်ဝင်တန်းအရွယ်ဖြစ်တဲ့ မောင်တို့မယ်တို့အတွက်ကတော့ “စာမေးပွဲအောင်မြင်မှု”ဟာ အရေးကြီးဆုံးပါပဲ။

စာမေးပွဲဆိုတာကို အောင်ပန်းဆင်အောင်ပွဲဝင်နိုင်ဖို့ ဘာတွေလုပ်ရမှာလဲ။ ရိုးရှင်းပါတယ်။ စာမေးပွဲဆိုတဲ့အောင်ပန်းကို ဆင်မြန်းနိုင်ဖို့ဆိုရင် သက်ဆိုင်ရာသင်ခန်းစာတွေကို လေ့ကျင့်ကျက်မှတ်ရမှာပေါ့၊ သင်ခန်းစာတွေကို ကျေညက်နေဖို့လိုတာပေါ့။

ပြီးခဲ့တဲ့ ဒီဇင်ဘာလ ၂၉ ရက်နေ့က ၂၀၂၃ ခုနှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲက အချိန်စာရင်းကို ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ကြေညာတယ်။

“၂၀၂၃ ခုနှစ် မတ်လတွင် ကျင်းပမည့်တက္ကသိုလ်ဝင်စာမေးပွဲကို အောက်ပါအချိန်စာရင်းအရ ကျင်းပမည်ဖြစ်ပါသည်”တဲ့။

| | | |
|---|---|---|
| ၈-၃-၂၀၂၃ (ဗုဒ္ဓဟူးနေ့) | နံနက် (၉) နာရီမှ (၁၂)နာရီအထိ | မြန်မာစာ |
| ၉-၃-၂၀၂၃ (ကြာသပတေးနေ့) | နံနက် (၉) နာရီမှ (၁၂)နာရီအထိ | အင်္ဂလိပ်စာ |
| ၁၀-၃-၂၀၂၃ (သောကြာနေ့) | နံနက် (၉) နာရီမှ (၁၂)နာရီအထိ | သင်္ချာ |
| ၁၃-၃-၂၀၂၃ (တနင်္လာနေ့) | နံနက် (၉) နာရီမှ (၁၂)နာရီအထိ | ဓာတုဗေဒ |
| ၁၄-၃-၂၀၂၃ (အင်္ဂါနေ့) | နံနက် (၉) နာရီမှ (၁၂)နာရီအထိ | ရူပဗေဒ |
| ၁၅-၃-၂၀၂၃ (ဗုဒ္ဓဟူးနေ့) | နံနက် (၉) နာရီမှ (၁၂)နာရီအထိ | ဇီဝဗေဒ/ ဘောဂဗေဒ |
| ၁၆-၃-၂၀၂၃ (ကြာသပတေးနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | ပထဝီဝင် |
| ၁၇-၃-၂၀၂၃ (သောကြာနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | သမိုင်း |
| ၁၈-၃-၂၀၂၃ (စနေနေ့) | နံနက်(၉)နာရီမှ (၁၂)နာရီအထိ | စိတ်ကြိုက်မြန်မာစာ |




လာမည့် မတ်လ ၈ ရက်နေ့မှာ စတင်ဖြေဆိုရတော့မယ့် တက္ကသိုလ်ဝင်စာမေးပွဲ အချိန်စာရင်းပဲဖြစ်တယ်။ တက္ကသိုလ်ဝင်တန်း မောင်တို့မယ်တို့အတွက် စာမေးပွဲဖြေဆိုဖို့ရာ အချိန်က နှစ်လကျော်ရုံလေးပဲလိုပါတော့တယ်။ နှစ်လဆိုတဲ့အချိန်က ဘာမျှမကြာဘူး၊ ခဏဆိုမှ ခဏလေးနော်။ စာမေးပွဲအတွက် ပြင်ဆင်မှုဖြစ်တော့မယ်။ ကြိုတင်ပြင်ဆင်ထားတဲ့ သူတွေလည်းရှိကြမှာပါပဲ။ ဒီအချိန်ရောက်မှ ပြင်ဆင်ကြမယ့် မောင်တို့မယ်တို့အတွက်လည်း အချိန်မနှောင်းသေးပါဘူး။ နှစ်လကျော်အချိန်ဟာ တကယ်ကြိုးစားရင်ဖြစ်နိုင်ပါတယ်။ ကြိုးစားသူအတွက်ဆိုရင် အောင်ပွဲကစောင့်ကြိုနေတာပါပဲ။

စာမေးပွဲအောင်ကိုအောင်ရမယ်ဆိုတဲ့ စိတ်တစ်ခုနဲ့ကြိုးစားရင် အောင်မြင်ရမှာပေါ့။ အတိအကျပြောရရင် စာမေးပွဲက ရက်ပေါင်း (၆၀) ကျော်ရုံသာ။ လေ့လာကျက်မှတ်ရမယ့်အချိန်က တစ်ဘာသာကို (၁၀) ရက်ဝန်းကျင်သာ။ အချိန်ကား သိပ်မရှိတော့။ ချက်ချင်းလုပ်ဆောင်မှရမယ်။ အချိန်ဆွဲလို့မဖြစ်၊ အတော်နီးကပ်နေပြီ။

“အချိန်မဆွဲနှင့်။ အချိန်ဆွဲခြင်းဆိုသည်က အမြဲတစေထိခိုက်ပျက်စီးစေတတ်၏”တဲ့။

အမေရိကန်ပြည်ထောင်စုရဲ့ နှစ်ဦးမြောက်သမ္မတဖြစ်သူ အင်ဒရူး ဂျက်ဆင်(၁၇၆၇-၁၈၄၅) က ရေးသားခဲ့တာဖြစ်ပြီး အလွန်မှတ်သားစရာလည်းဖြစ်တယ်။

မောင်တို့မယ်တို့ စာမေးပွဲဖြေဆိုဖို့ ကနေ့ပဲပြင်ဆင်လိုက်ပါ။ ကြိုတင်ပြင်ဆင်အောင်ပွဲဝင်နိုင်ဖို့ တစ်ဘာသာချင်းသာ စတင်ကျက်မှတ်လိုက်ပါတော့။ ကြိုတင်ပြင်ဆင်ထားတဲ့သူတွေကလည်း ပြန်လှန်လေ့ကျင့်မှုတွေကို ဒီကနေ့ပဲစတင်လိုက်ပါ။

“လူတစ်ယောက်ဟာ အလုပ်တစ်ခုကို စတင်လုပ်ဆောင်ပြီဆိုရင်ပဲ သူဟာ အလုပ်ရဲ့တစ်ဝက်ကို ပြီးစီးပြီလို့ ဆိုရမှာဖြစ်တယ်”တဲ့။ ဟိုးရေ့စ် (Horace)(ဘီစီ ၆၅၈) ဆိုတဲ့ စာဆိုတစ်ဦးက ရေးခဲ့တာလို့မှတ်သားဖူးပါတယ်။ ဘယ်အရာမဆို အစကအရေးကြီးပါတယ်၊ “အစကောင်းမှ အနှောင်းသေချာမယ်” ဆိုတဲ့ မြန်မာစကားလည်း ရှိပြီးသားကွယ့်။

တက္ကသိုလ်ဝင်တန်းဖြေဆိုကြမယ့် မောင်တို့မယ်တို့ဟာ စာမေးပွဲစတင်ဖြေဆိုရမယ့် ရက်နှင့်တွက်စစ်လို့ ဘာသာရပ်အလိုက် ကြိုတင်ပြင်ဆင်ပြီး ကျားကုတ်ကျားခဲကြိုးစားဖို့ အချိန်တန်ပါပြီ။ မိမိကိုယ်ကိုတွန်းအားပေးကာ အချိန်ဇယားတိတိကျကျနဲ့ ကျက်မှတ်လေ့လာနိုင်မှသာ တော်ကာကျမယ်။ လုံ့လဝီရိယကို အစွမ်းကုန်စိုက်ထုတ်ကြိုးစားလိုက်ရင် အောင်မြင်မှုအသီးအပွင့်ကို လက်တွေ့ပိုင်ဆိုင်ရမှာပါပဲ။

ဒါကြောင့် ‘အချိန်ရှိခိုက်လုံ့လစိုက်’ ကြိုးစားလိုက်ရင် အောင်ပန်းဆင်နိုင်ရမှာပေါ့ကွယ်။ ။

■

# စိန်ခေါ်မှုကိုရင်ဆိုင်ပြီး အောင်မြင်မှုရယူပါ

အောင်မြတ်စည်သူ

သင့်ကိုယ်သင် ပြင်းပြင်းမောင်းလေလေ၊ သင့်ဘဝလွယ်လေလေ ဖြစ်သည်။ သို့မဟုတ် Navy Seals ရေတပ်အထူးတပ်ဖွဲ့တွင် ဆိုလေ့ရှိသည့်အတိုင်း ငြိမ်းချမ်းသောကာလတွင် ချွေးထွက်များလေလေ၊ စစ်ပွဲတွင် သွေးထွက်နည်းလေလေဖြစ်သည်။

ကျွန်တော်၏ကလေးဘဝကို သူငယ်ချင်း ရက်ဒ်နီကိုးလ်က ဤသဘောတရားဖြင့် လက်တွေ့သဘာဝကို ကျွန်တော့်အား ပထမဦးဆုံးပြသခဲ့သူဖြစ်သည်။ ကျွန်တော်တို့ကလေးအသင်း ဘေ့စ်ဘောကစားစဉ်ကာလက ဘောပစ်သမား ဘောပစ်နိုင်သည့် အမြန်နှုန်းက ကျွန်တော်တို့ကို အမြဲတစေဒုက္ခပေးလေ့ရှိခဲ့သည်။ ကျွန်တော်တို့သည် အတော်ကောင်းသော ဘောလုံးအဖွဲ့ထဲသို့ရောက်နေခဲ့ပြီး ကျွန်တော်တို့က မွေးစာရင်းလက်မှတ်ကြည့်ပါရစေဟု တွင်တွင်တောင်းဆိုနေလေ့ရှိခဲ့သော အရွယ်လွန်နေသည့် အတိုက်အခံဘောပစ်သမားများသည် ပွဲစဉ်ကာလများတွင် ဘောလုံးအား ကျွန်တော်တို့ထံသို့ ထိတ်လန့်တုန်လှုပ်လောက်စရာအရှိန်ဖြင့် ပစ်ခတ်လေ့ရှိခဲ့သည်။

ကျွန်တော်တို့သည် ဘောလုံးကိုရိုက်ရန် ကြောက်လန့်လာသည်။ ကစားပွဲက ပျော်စရာမဟုတ်တော့ချေ။ ဘောလုံးကို ရိုက်တံနှင့်ရိုက်ခြင်းသည် ကျွန်တော်တို့ ကိုယ့်ကိုယ်ကိုယ် တတ်နိုင်သမျှမျက်နှာပျက်စရာမဖြစ်အောင် ကြိုးစားစောင့်ထိန်းဆောင်ရွက်သောအရာဖြစ်လာသည်။

ထို့နောက် ရက်ဒ်သည် အကြံတစ်ခုရလိုက်သည်။ “ငါတို့ကစားပွဲမှာ ရင်ဆိုင်ရတဲ့ပစ်ဘောတွေဟာ နေ့တိုင်းလေ့ကျင့်တဲ့အခါမှာ ရင်ဆိုင်ရတဲ့ သူတွေထက်နှေးရင် ဘယ်နှယ့်နေမလဲ” ရက်ဒ်က မေးလိုက်သည်။

“ပြဿနာကအဲဒါပဲ။ ငါတို့ကို အရှိန်ပြင်းပြင်းနဲ့ ဘောလုံးပစ်ပေးနိုင်မယ့်သူတစ်ယောက်မှ တို့မသိဘူး။ ဒါကြောင့် ကစားပွဲမှာ ဒီလောက်ခက်နေတာ။ ဘောလုံးက တစ်နာရီကို မိုင် ၂၀၀ နှုန်းနဲ့လာနေတဲ့ ခေါင်းကိုက်ပျောက်ဆေးလုံးလေးနဲ့တူတယ်”ဟု ကျွန်တော်က ပြောလိုက်သည်။

“ဘေ့စ်ဘောကို အဲဒီလောက်အရှိန်ပြင်းပြင်းနဲ့ ပစ်ပေးနိုင်မယ့်သူတစ်ယောက်မှကို ငါတို့မသိမှန်းငါသိတယ်။ ဒါပေမဲ့ ပစ်ပေးတာက ဘေ့စ်ဘောမဟုတ်ရင်ကော”

“မင်းပြောတာကိုငါနားမလည်ဘူး”ကျွန်တော်ကပြောလိုက်သည်။

ထိုအခါမှာပင် ရက်ဒ်သည် အပေါက်များပါရှိသော ပလတ်စတစ်ဂေါက်သီးဘောလုံးလေးတစ်လုံးကို သူ့အိတ်ထဲမှ ဆွဲထုတ်လိုက်သည်။ အိမ်နောက်ဝင်းထဲတွင် ကျွန်တော်တို့ဖခင်များ ဂေါက်သီးရိုက်နည်းလေ့ကျင့်သောအခါသုံးသည့် ဂေါက်သီးမျိုးဖြစ်သည်။

“ဘတ်တံ(ရိုက်တံ) တစ်ချောင်းသွားယူ” ရက်ဒ်ကပြောလိုက်သည်။

ကျွန်တော်က ဘေ့စ်ဘော ဘတ်တံတစ်ခုကောက်ယူပြီး ကျွန်တော်တို့သည် ရက်ဒ်၏ အိမ်အနီးရှိပန်းခြံသို့ လျှောက်ခဲ့ကြသည်။ ရက်ဒ်သည် ဘောပစ်သူ ကုန်းမို့နေရာသို့သွားပြီးမှ ပုံမှန်ထက်ခြေလှမ်းသုံးလှမ်း ပိုကပ်လာခဲ့သည်။ သူသည် ဘောကိုပစ်ပေးသည်။ ကျွန်တော်ကလည်း ဘတ်ရိုက်တံနှင့်ထိအောင် ကြိုးစားရိုက်ခဲ့သည်။

“ဟား...ဟား အဲဒါ လိဂ်လေးမှာ မင်းတွေ့မယ့်လူတိုင်းထက်မြန်တဲ့ နှုန်းပဲ။ ကဲစလိုက်ကြရအောင်”ရက်ဒ်ကလှမ်းဟစ်လိုက်သည်။

ထို့နောက်တွင် ကျွန်တော်တို့သည် အလွန်ပင်မြန်ဆန်သောနှုန်းဖြင့် တဝီဝီပြေးနေသော ဤဆန်းပြားသောဘောလုံးလေးအား တစ်ယောက်ကိုတစ်ယောက် တစ်ယောက်တစ်လှည့်စီပစ်ခဲ့ကြသည်။ ပလတ်စတစ်ဘောလုံးလေးသည် ရယ်စရာကောင်းလှအောင်ပင် မြန်ဆန်ခဲ့သည်သာမကသေး၊ မည်သည့်ဘောပစ်သမားမျှ မပစ်နိုင်သည့်ပုံစံမျိုး ပို၍ကွေ့ကောက် ဝေ့ဝိုက်သွားခဲ့သည်။

ရက်ဒ်နှင့်ကျွန်တော်သည် နောက်လိဂ်ပွဲစဉ်တစ်ခု ကစားချိန်ရောက်သောအခါတွင် အသင့်ဖြစ်နေခဲ့သည်။

ဘောလုံးပစ်ချက်များသည် အနှေးရွေ့ရွေ့လာနေပုံပေါက်ခဲ့သည်။

ကျွန်တော်သည် ရက်ဒ်၏ပို့ချမှုတစ်ရပ် ခံယူပြီးနောက်တွင် ပထမဦးဆုံးနှင့်တစ်ခုတည်းသော ရိုက်ချက်ကိုရိုက်နိုင်ခဲ့သည်။ ဘောလုံးကို ဘယ်သန်တစ်ယောက်ကပစ်ခဲ့ပြီး ကျွန်တော်မရိုက်မီတွင် ဘောလုံးသည် လေထဲတွင် ကာလကြာမြင့်စွာဝဲပျံနေပုံပေါက်ခဲ့သည်။

ရက်ဒ် ကျွန်တော့်ကိုသင်ပေးလိုက်သောသင်ခန်းစာသည် ကျွန်တော်ဘယ်တော့မှ မမေ့သောသင်ခန်းစာတစ်ခုဖြစ်သည်။ ကျွန်တော်သည် ပေါ်ပေါက်လာမည့်ကိစ္စတစ်ရပ်ရပ်ကို ကြောက်လန့်နေပါလျှင် ပို၍ခက်ခဲ (သို့မဟုတ်) ပို၍ကြောက်စရာကောင်းသောကိစ္စကိုလုပ်ရန် နည်းလမ်းရှာသည်။ ပို၍ခက်ခဲသောအရာကို ကျွန်တော်လုပ်လိုက်သည်နှင့် တကယ့်ကိစ္စက ပျော်စရာဖြစ်သွားသည်။

လက်ဝှေ့သမားကြီး မိုဟာမက်အလီသည် သူ၏လက်ဝှေ့လေ့ကျင့်ဖက်ကို ရွေးချယ်ရာတွင် ဤနိယာမကို အသုံးပြုခဲ့သည်။ လက်ဝှေ့ပွဲတစ်ပွဲမထိုးမီ လေ့ကျင့်ရာတွင် လေ့ကျင့်ဖက်သည် တကယ့်ပွဲတွင် ထိုးသတ်ရမည့်သူထက် တော်သူဖြစ်ရန် ဂရုတစိုက်ရွေးချယ်လေ့ရှိသည်။ ထိုလေ့ကျင့်ဖက်များသည် အမြဲတစေဘက်စုံကောင်းချင်မှ ကောင်းမည်ဖြစ်သော်လည်း သူသည် လာမည့်ပွဲတွင် ထိုးသတ်ရမည့်ပြိုင်ဘက်ထက် တစ်ချက်ချက်တွင် သာနေသူကို ရှာတွေ့လေ့ရှိသည်။ ထိုသူတို့နှင့်ရင်ဆိုင်ပြီးနောက် ကြိုးဝိုင်းထဲသို့တက်သွားသောအခါတွင် ထိုကျွမ်းကျင်သူများကို သူတိုက်ခိုက်နိုင်ခဲ့ပြီဟူသောအသိဖြင့် တက်သွားသည်။

သင်သည် သင်ရင်ဆိုင်ရမည့်တိုက်ပွဲထက် ပို၍ကြီးမားသောတိုက်ပွဲကို အမြဲပင်ဆင်နွှဲနိုင်သည်။ သင်ကြောက်သောလူတစ်ယောက်ရှေ့တွင် တင်ပြအစီရင်ခံမှုပြုရမည်ဆိုလျှင် သူ့ကိုကြောက်ရသည်ထက် ပို၍ကြောက်ရသောသူကို တင်ပြအစီရင်ခံမှုပြုခြင်းဖြင့် အစမ်းလေ့ကျင့်မှုပြုပါ။ သင်ခက်ခက်ခဲခဲအလုပ်တစ်ခုရှိနေပါလျှင် ထိုအလုပ်ကိုလုပ်ရန် တုံ့ဆိုင်းနေလျှင် ပို၍ခက်ခဲသောအလုပ်တစ်ခုကိုရွေးထုတ်၍ ထိုအလုပ်ကို အလျင်လုပ်ပါ။

တကယ့်စိန်ခေါ်ချက်ကို ရင်ဆိုင်သောအခါ သင့်ဆောင်ရွက်နိုင်စွမ်းဖြစ်သွားပုံကို စောင့်ကြည့်ပါ။ ။

**Ref: Face the challenge and achieve success by Steve Chandler**

# AFF Cup ပြိုင်ပွဲ အုပ်စု(က)တွင် လက်ရှိချန်ပီယံ ထိုင်းနှင့် အင်ဒိုနီးရှား ဆီမီးတက်ရောက်

ရန်ကုန် ဇန်နဝါရီ ၂

2022 AFF Cup ပြိုင်ပွဲ အုပ်စု(က) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၂ ရက်က ထိုင်းနှင့် ဖိလစ်ပိုင်နိုင်ငံတို့၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ထိုင်းနှင့် အင်ဒိုနီးရှားအသင်း ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

နောက်ဆုံးနေ့တွင် ထိုင်းက ကမ္ဘောဒီးယားကို အိမ်ကွင်း၌ သုံးဂိုး တစ်ဂိုး၊ အင်ဒိုနီးရှားက ဖိလစ်ပိုင်ကို အဝေးကွင်း၌ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လက်ရှိချန်ပီယံ ထိုင်းအသင်းသည် အိမ်ကွင်း၌ ကမ္ဘောဒီးယားကို အနိုင်ယူပြီး ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။ ကမ္ဘောဒီးယားအသင်း၏ ရုန်းကန်မှုကြောင့် ထိုင်းအသင်းသည် အိမ်ကွင်း၌ အနည်းငယ်ရုန်းကန်ခဲ့ရသော်လည်း အမှားအယွင်းမရှိ နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၄၅+၁၊ ၉၀ မိနစ်တွင် ဒန်ဒါ၊ မိနစ် ၅၀ တွင် ဆူမန်ရာတို့က သွင်းယူပြီး ကမ္ဘောဒီးယားအတွက် ချေပဂိုးတစ်ဂိုးကို ၆၈ မိနစ်တွင် ချန်သာက သွင်းယူခဲ့သည်။

အင်ဒိုနီးရှားအသင်းမှာလည်း ဆီမီးဖိုင်နယ်တက်ရောက်ခွင့်အတွက် လိုအပ်နေသည့် အနိုင်သုံးမှတ်ကို အဝေးကွင်းတွင် ဖိလစ်ပိုင်ကိုအနိုင်ယူပြီး ရယူနိုင်ခဲ့သည်။ အင်ဒိုနီးရှားအသင်းအတွက် ဂိုးများကို ၂၁ မိနစ်တွင် ဆူလီဆာတာရာဝမ်၊ ၄၃ မိနစ်တွင် ဖာဒင်နန်တို့က သွင်းယူခဲ့ပြီး ဖိလစ်ပိုင်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၈၃ မိနစ်တွင် ရမ်မူဆင်က သွင်းယူခဲ့သည်။ အုပ်စု (က)ပွဲစဉ်များအပြီးတွင် ထိုင်းနှင့် အင်ဒိုနီးရှားအသင်းတို့က သုံးပွဲနိုင် တစ်ပွဲသရေ ရမှတ် ၁၀ မှတ်စီတူညီခဲ့သော်လည်း ဂိုးကွာခြားချက်ဖြင့် ထိုင်းအသင်းက အုပ်စုပထမ၊ အင်ဒိုနီးရှားအသင်းက အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်ခဲ့သည်။ ခြောက်မှတ်ရသည့် ကမ္ဘောဒီးယားအသင်း၊ သုံးမှတ်ရသည့် ဖိလစ်ပိုင်အသင်းနှင့် လေးပွဲစလုံးရှုံးသည့် ဘရူနိုင်းအသင်းတို့မှာမူ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

**ကိုညီလေး**

---

○ ဗီယက်နမ်မှ

